# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၈)ရက် ၊ တနင်္ဂနွေနေ့ ၊ (4-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝက္ကမှုတံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော်  အောက်တိုဘာ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**နေပြည်တော်ပြည်သူ့ရင်ပြင်တည်ဆောက်နေမှု**

ဦးစွာ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်ပြည်သူ့ရင်ပြင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က နေပြည်တော်ပြည်သူ့ရင်ပြင်ကို မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီပြီး မြို့ပြနေ အများပြည်သူများ လည်ပတ်ကြည့်ရှုအပန်းဖြေအနားယူနိုင်ရန်နှင့် ဘက်စုံအသုံးပြုနိုင်သည့်

စာမျက်နှာ ၁၆ ကော်လံ ၁

## လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ဖယ်ရှားရှင်းလင်း



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

နေပြည်တော်  အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာ၊ ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ

စာမျက်နှာ ၁၉ ကော်လံ ၁

**ရတနာပုံ ယနေ့ ဖတ်စရာ**


ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေး  စာမျက်နှာ - ၁၈

ပြည်တွင်းစားသုံးဆီဖူလုံဖို့ ပူးပေါင်းဆောင်ရွက်စို့ ဆောင်းပါး  စာမျက်နှာ - ၄




## အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး)၌ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့်အတူ ပထမဆုံး မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ကျင်းပသွားမည်

မန္တလေး  အောက်တိုဘာ ၃

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ်ရှိ မဟာမြမုနိရုံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ရတနာပုဏ္ဏဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၌ ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၂၆ ရက်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့်အတူ

စာမျက်နှာ ၂၁ ကော်လံ ၄

## နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော်  အောက်တိုဘာ ၃

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

# အမိနိုင်ငံ၏ မေတ္တာရှေ့ထားခေါ်ဆောင်မှုနှင့် နိုင်ငံသားတို့၏ ခံယူဆင်ခြင်ဖွယ်ရာများ

နိုင်ငံတစ်နိုင်ငံ တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အသက်သွေးကြောမှာ ပြည်သူလူထုပင်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် မိမိတို့၏ မွေးရပ်ဇာတိမြေတွင် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်ခွင့်ရှိကြသကဲ့သို့ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေစဉ် ဒုက္ခအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့လာရသည့်အခါ၌လည်း အမိနိုင်ငံတော်၏ စောင့်ရှောက်မှု၊ ကာကွယ်မှုနှင့် နွေးထွေးသောမေတ္တာတရားကို အပြည့်အဝခံစားပိုင်ခွင့်ရှိကြပေသည်။

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်မိခြင်းကြောင့် ထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိနေကြပြီး အမိနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၄၇၆ ဦးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ စေတနာမေတ္တာရှေ့ထားမှုတို့ဖြင့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ခဲ့ရာ ယခုအခါ မြန်မာ့ရေပိုင်နက်အတွင်းသို့ ဘေးကင်းလုံခြုံစွာဖြင့် ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးဖြင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ယခုကဲ့သို့ စစ်ရေယာဉ်များ၊ စင်းလုံးငှား လေယာဉ်များဖြင့် အကြိမ်ကြိမ် စနစ်တကျ ပြန်လည်ခေါ်ဆောင်ခဲ့ခြင်းကို လွန်ခဲ့သောနှစ်များစွာကပင် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအကြိမ် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းမှ စနစ်တကျ လွှဲပြောင်းလက်ခံခဲ့ပြီး စစ်ရေယာဉ်ကြီးများဖြစ်သည့် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) နှင့် (ဆင်ဖြူရှင်) တို့ဖြင့် ခေါ်ဆောင်လာရာတွင် သင်္ဘောပေါ်၌ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ၊ စားသောက်ဖွယ်ရာများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ပြည့်စုံစွာထောက်ပံ့ပေးခဲ့ခြင်းက နိုင်ငံတော်၏ ကြီးမားလှသော မေတ္တာတရားနှင့် ကူညီစောင့်ရှောက်လိုသည့် စေတနာကို ထင်ဟပ်ဖော်ပြနေခြင်းပင်ဖြစ်သည်။

ယနေ့ကာလတွင် မလေးရှားနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအနေဖြင့် တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုများနှင့် အထောက်အထားမဲ့လုပ်သားများကို တင်းကျပ်စွာ စစ်ဆေးဖမ်းဆီး အရေးယူမှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ တရားမဝင်လမ်းကြောင်းများဖြင့် သွားရောက်ခြင်း၊ နိုင်ငံခြားဘာသာစကားနှင့် ဥပဒေများကိုနားမလည်ဘဲ အလွယ်တကူ သွားရောက်လုပ်ကိုင်ခြင်းတို့ကြောင့် ထိန်းသိမ်းရေးစခန်းများအတွင်း အနေဆင်းရဲ၊ အစားဆင်းရဲခြင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်းစသည့် ဆိုးကျိုးများကို သက်ဆိုင်ရာ ပြန်လည်ရောက်ရှိလာသူများ၏ ရင်ဖွင့်စကားများအရ သိရှိကြရသည်။

"မြန်မာနိုင်ငံသားတို့အတွက် မြန်မာနိုင်ငံသည်သာလျှင် အစစ်အမှန် ဇာတိမြေဖြစ်သည်"ဆိုသည့်အတိုင်း အမိမြေ၏ရင်ခွင်သို့ ပြန်လည်ရောက်ရှိလာကြချိန်တွင် မြန်မာ့အလံတော်ကို မြင်တွေ့ရုံဖြင့် မျက်ရည်ကျသည်အထိ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရခြင်းသည် နိုင်ငံသားတစ်ဦး၏ နှလုံးသားထဲက အမိမြေအပေါ်ထားရှိသည့် ချစ်မြတ်နိုးမှုပင်ဖြစ်ပေသည်။

အနှစ်ချုပ်ဆိုရသော် ပြည်ပနိုင်ငံများတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးနောက် ယခုကဲ့သို့ အမိနိုင်ငံတော်၏ စောင့်ရှောက်မှုဖြင့် ပြန်လည်ရောက်ရှိလာကြသူများအနေဖြင့် မိမိတို့၏ မိသားစုများနှင့်အတူ အေးချမ်းစွာ ပြန်လည်စတင်နိုင်ကြစေရန် နိုင်ငံတော်နှင့် တပ်မတော်၊ သက်ဆိုင်ရာ ဒေသန္တရအစိုးရအဖွဲ့များနှင့် တာဝန်ရှိသူများက နေရပ်အသီးသီးသို့ စနစ်တကျ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံသူနိုင်ငံသားများအနေဖြင့် တရားမဝင်လမ်းကြောင်းများကို ရှောင်ရှားကြလျက် မိမိတို့၏ဇာတိမြေ၌ပင် မိသားစုဘဝကို ရိုးသားစွာ တည်ဆောက်ကြရင်း အမိမြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆတက်ထမ်းပိုး ဝိုင်းဝန်းအလုပ်အကျွေးပြုကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၂၀၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၂၀၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဧက ၁၇၁၀၊ ဝန်းသိုမြို့နယ်တွင် ၃၁၄၅ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ဧက ၁၃၅၀ စုစုပေါင်း ၆၂၀၅ ဧက ဖြစ်ပြီး အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက် ပေးသွားပါမယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်စတဲ့သီးနှံတွေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေ ပေးသွားပါမယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖီးကြမ်းငှက်ပျောဖီးရေ ၄၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောဖီးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ ဖီးကြမ်းငှက်ပျောတွေက အရည်အသွေး ကောင်းမွန်ပါတယ်"ဟု ဘိုကလေးမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၈၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# တံတားဦးမြို့နယ် ထောက်ရှာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ထောက်ရှာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ထောက်ရှာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၄ ဦးကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းထံမှ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ဝမ်းတွင်းမြို့နယ် အင်းခမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းခမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်းခမ်းကြီးကျေးရွာရှိ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၄၉ သိန်း၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၆၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၁၈၄ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က တစ်နေ့တာဆွမ်းအတွက် အလှူငွေကျပ် ၈၅၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး နာယက ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၃၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နေကြာဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

မင်းကင်းမြို့နယ်တွင် နေကြာစိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေး စီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် မကျီးကန်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မကျီးကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက VRFP စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မကျီးကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၂၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၄ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၁ ဦးကို ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခူပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခူပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခူပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးခူပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခူ ၁၀ ပိသာလျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၂၅၇၀၀၀ ထိ အရွယ်အစားအပေါ်မူတည်၍ ဈေးအပြောင်းအလဲရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ငါးခူပိသာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ ဝယ်ယူမှုအပေါ်မူတည်ပြီး ဒီဘက်ကနေ တင်ပို့ရောင်းချနေပါတယ်။ ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးအမျိုးအစားထဲမှာ ပါပါတယ်။ လက်ရှိလ ငါးခူတွေ ဝယ်ယူအားကောင်းနေပါတယ်။ ငါးခူတစ်ပိသာချင်းဈေးအနေနဲ့ ငွေကျပ် ၂၅၇၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက်ငါးခူများကို ဒေသတွင်းဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခူများ ဝယ်ယူမှုကောင်းလာသည့်အတွက် ငါးခူမွေးမြူသူများ၊ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေနေကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# ပြည်တွင်းစားသုံးဆီဖူလုံဖို့ ပူးပေါင်းဆောင်ရွက်စို့

မျိုးသူ(ကုန်သွယ်မြှင့်)



**ယခင်တစ်ပတ်မှအဆက်**

**စားသုံးဆီထုတ်လုပ်မှုနှင့် သန့်စင်မှုစွမ်းရည်မြှင့်တင်ခြင်း**

ဆီထွက်သီးနှံ ထုတ်လုပ်တိုးတက်လာမှုကို စားသုံးဆီဖူလုံရေးအဖြစ် ပြောင်းလဲပေးမည့် အရေးကြီးသောကဏ္ဍတစ်ခုမှာ စားသုံးဆီထုတ်လုပ်မှုနှင့် သန့်စင်မှုစွမ်းရည်မြှင့်မားရေးဖြစ်သည်။ နေကြာဆီ၊ ပဲပုပ်ဆီ၊ ဖွဲနုဆီ၊ ဝါစေ့ဆီတို့ကို သန့်စင်ကောင်းမွန်သောဆီများအဖြစ်ရရှိရန် သန့်စင်ဆီစက် Refinery Plant များဖြင့် ကြိတ်ခွဲသင့်သည်။ ပြည်တွင်းသုံးသက်သက်အတွက် ရည်ရွယ်ပါက သဘာဝအတိုင်း ရိုးရိုးစက်များဖြင့် ကြိတ်ခွဲထုတ်လုပ်နိုင်သည်။ ပြည်တွင်းစားသုံးရန်အတွက် ဖြစ်သော်လည်း စားသုံးဆီများမှာ ကျန်းမာရေးအတွက် များစွာအရေးပါသော စားသောက်ကုန်ဖြစ်သဖြင့် စားသုံးဆီများကို ပြည်တွင်းဖူလုံရေးအတွက် ထုတ်လုပ်သည့်တိုင် အောက်ပါအချက်များ လိုအပ်သည်။ ၎င်းတို့မှာ အစားအစာ လုံခြုံစိတ်ချရမှုရှိခြင်း၊ စားသုံးရန်ကောင်းမွန်သည့် အရည်အသွေးရှိခြင်း၊ ကြာရှည်ခံ၍ကြာရှည်သိုလှောင်နိုင်ခြင်း၊ နိုင်ငံတကာအဆင့်မီအရည်အသွေးအာမခံချက်ရှိခြင်း၊ ပြည်ပသို့တင်ပို့နိုင်သည့် စံချိန်စံညွှန်းရှိခြင်းတို့ဖြစ်သည်။

SME Oil Mill များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပြည်တွင်းဖူလုံရေးကို အထောက်အကူပြုနိုင်သည်။ ပုံမှန်ရိုးရိုးဆီစက် အကြီး၊ အလတ်၊ အငယ်များအပြင် သန့်စင်ဆီထုတ်နိုင်သော ဆီစက် Refinery Plants များ အဆင့်သင့်ရှိနေရန်လည်း လိုအပ်သည်။ စားအုန်းဆီသည် ပြည်တွင်းဈေးကွက်တွင် အလွန်အကျွံလွှမ်းမိုးနေသည့်အခြေအနေမှ လျော့ကျလာသော်လည်း မြန်မြန်ဆန်ဆန်လျှော့ချ လျှင် တစ်ဖက်တွင် ဆီလိုအပ်ချက်ဖြစ်ပေါ်လာပြီး ပြည်တွင်းစားသုံးဆီဈေးနှုန်းများ မြင့်တက်လာနိုင်သည်။ ထို့ကြောင့် ဆီထွက်သီးနှံများ လှိုင်လှိုင်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ ပြည်တွင်းဆီစက်များ၏ ကြိတ်ခွဲအားတိုးတက်လာခြင်းနှင့် ပြည်ပမှတင်သွင်းခြင်းတို့ကို ဟန်ချက်ညီညီဖြင့် ဆောင်ရွက်သင့်သည်။

ထုပ်ပိုးမှုများ ပိုမိုကောင်းမွန်လာပြီး ပြည်တွင်းထုတ်စားသုံးဆီအမျိုးမျိုးသည် ယခုအခါ ပြည်တွင်းဈေးကွက်ကုန်တိုက်ကြီးများတွင် နေရာယူနေပြီဖြစ်သည်ကို တွေ့ရသည်။ ဥပမာအားဖြင့် နေကြာဆီကို ယခင်က ပြည်ပမှတင်သွင်းသော ဆီကိုသာစားသုံးနေကြပြီး ယခုအခါ ပြည်တွင်း သန့်စင်စက်ကြီးများဖြင့်ထုတ်လုပ်သော နေကြာဆီများက ထိုနေရာများတွင်ရယူနိုင်လာပြီဖြစ်သည်။ ဈေးနှုန်းအားဖြင့်လည်း ပြည်ပမှတင်သွင်းသည့်ဆီများထက် သက်သာသော ဈေးနှုန်းများဖြင့် ရရှိနိုင်မည်ဖြစ်သည်။ ပြည်ပမှတင်သွင်းမှုကိုလည်း လျှော့ချနိုင်ပြီဖြစ်သည်။

အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးမှု SME Growth သည် စက်မှုလုပ်ငန်းသုံးစားသုံးဆီလိုအပ်ချက်ကိုဖြည့်ဆည်းမှုတိုးတက်ခြင်း Industrial Oil Demand Growth နှင့် တိုက်ရိုက်ဆက်စပ်နိုင်သည်။ ဆိုလိုသည်မှာ စားသုံးဆီဈေးကွက်သည် အခြေခံအားဖြင့်နှစ်ပိုင်းရှိသည်။ မိသားစုများစားသုံးခြင်း Family usage နှင့် စက်မှုလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများအတွက် အမွှေးနံ့မပါသော၊ မူလဆီနံ့မပါသော၊ အမြှုပ်မထွက်သော၊ အပူချိန်မြင့်မြင့်ကို ခံနိုင်သောဆီမျိုး (ဥပမာ-စားအုန်းဆီ)ကို လိုအပ်ခြင်းဟူ၍နှစ်မျိုးရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အိမ်တွင်းချက်ပြုတ်စားသောက်မှုလည်း လျော့ကျလာပြီး၊ ပြင်ပစားသောက်ဆိုင်များ၊ အသင့်စား အစားအသောက်များ စသည်တို့ ပိုမိုဖွံ့ဖြိုးလာသည်။ ထိုသို့ လူနေမှုပုံစံပြောင်းလဲလာသည်နှင့်အမျှ လိုအပ်သည့် စားသုံးဆီအပိုင်းသည်လည်း နှစ်မျိုးကွဲပြားလိုအပ်လာမည်ဖြစ်သည်။ ထို့ကြောင့် ကုန်အမှတ်တံဆိပ်များဖြင့် စားသုံးဆီဈေးကွက်များသည် အိမ်ထောင်စု မိသားစုများ ချက်ပြုတ်သုံးစွဲရန်အတွက် ဖြစ်လာသကဲ့သို့ စက်မှုလုပ်ငန်းသုံးစားသုံးဆီအတွက်လည်း ပေပါများ၊ ပုံးများဖြင့် ထုတ်လုပ်မှုများလည်း လိုအပ်လာသည်။ ကဏ္ဍတစ်ခုလုံးလည်း လိုက်ပါဖွံ့ဖြိုးလာနိုင်သည်။

ပြည်တွင်းကုန်အမှတ်တံဆိပ်များဖြင့်ထုတ်လုပ်မှုများ Local Brand ၏ ဈေးကွက်ဝေစု Market Share နှင့် ဖြန့်ဖြူးရောင်းချမှု Distribution တိုးတက်လာခြင်းသည် စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ထုတ်လုပ်မှုပိုင်း Food Manufacturing Output တိုးတက်လာခြင်းနှင့် စက်မှုလုပ်ငန်းသုံးစားသုံးဆီလိုအပ်ချက် Industrial Oil Demand ကို တိုးတက်စေနိုင်ပြီး အဆိုပါ ဈေးကွက်လိုအပ်ချက် Demand ကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ပိုမိုဖြည့်ဆည်းနိုင်ခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ ထို့ပြင် တင်သွင်းမှုလျှော့ချရေးအတွက်လည်း အထောက်အပံ့ရရှိခြင်းနှင့် ပြည်ပပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုတို့ကို တစ်ပြိုင်နက်အထောက်အကူပြုနိုင်သည်။

**စားသုံးသူ လိုအပ်ချက်ဖြည့်ဆည်းခြင်း**

စားသုံးဆီဝယ်လိုအားကို နားလည်ရန်အတွက် အိမ်ထောင်စုအလိုက် ချက်ပြုတ်သုံးစွဲသည့် စားသုံးဆီ အခြေခံအချက်အလက်၊ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းသုံးများ၏ ဝယ်လိုအားနှင့် ပို့ကုန်ဦးတည်သော ထုတ်လုပ်မှုတို့ကိုလည်း သိရှိထားရန် လိုအပ်သည်။ တစ်ဖက်မှလည်း ထောက်ပံ့နိုင်မှုကို

**❖ မြန်မာနိုင်ငံအနေဖြင့် စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်၍ ပြည်တွင်းဖူလုံသောအဆင့်မှသည် ပြည်ပတင်ပို့နိုင်သည်ထိ ဆက်လက်ဆောင်ရွက်နိုင်မည့် လမ်းပြမြေပုံတစ်ခုကိုရေးဆွဲချမှတ်မည်ဆိုပါက အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်းအကောင်အထည်ဖော်ခြင်း Public Private Partnership-PPP ကိုသာ ဆောင်ရွက်သင့်သည်။ အဓိကလုပ်ဆောင်ရမည့်ရှေ့လုပ်ငန်းစဉ်မှာ တောင်သူများမှစားသုံးသူများထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအလိုက် ပူးပေါင်း၍ တည်ဆောက်သွားကြရန်ဖြစ်သည်။ ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် တောင်သူတစ်ဦးတစ်ယောက်ချင်း၊ ကုန်သည်တစ်ဦးချင်း၊ ဆီစက်ပိုင်ရှင်တစ်ဦးချင်း၊ ဆီတင်သွင်းသူတစ်ဦးချင်း ဆောင်ရွက်၍မရနိုင်သောကဏ္ဍကြီးတစ်ခုဖြစ်သည်။ ❖**

တိုင်းတာကြည့်ရန် လိုအပ်သည်။ ဆီပါဝင်မှုနှင့် ဆီထုတ်ယူရရှိမှု၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွင်း ဆုံးရှုံးမှုနှင့် သန့်စင်မှုလုပ်ငန်းစဉ်မှ ပြန်လည်ရရှိမှု၊ ဆီအမျိုးအစားနှင့် သုံးစွဲမှုကွာခြားခြင်း၊ အဆုံးသတ်ဈေးကွက်အတွက် အထောက်အပံ့ဖြင့် ကွာဟချက်ကို တိုင်းတာရန်တို့ကိုလည်း သိရှိထားရန်လိုအပ်သည်။ မြေပဲဆီနှင့် နှမ်းဆီတို့မှာ မိရိုးဖလာစားသုံးဆီများနှင့် အဆင့်မြင့်စားသုံးဆီများ Premium edible oil ဖြစ်သည်။ နေကြာဆီ၊ ပဲပုပ်ဆီနှင့် ဆီအုန်းတို့မှာ အဆင့်ဆင့် သန့်စင်ပြီးမှုရရှိလာသည့် စားသုံးဆီများဖြစ်ကြသည်။ ထို့ကြောင့် စားသုံးသူများ၏ ဈေးကွက်များလည်း မတူတတ်ကြပေ။

**ဈေးကွက်ဖွံ့ဖြိုးမှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်**

မြန်မာနိုင်ငံ၏ ပြည်တွင်းဈေးကွက်မှာ အဓိကအားဖြင့် လူဦးရေ သန်း ၅၀ကျော်နှင့် စားသောက်ကုန်လုပ်ငန်းများ၊ စားသောက်ဆိုင်များ ဖြစ်ကြသည်။ ဆီထွက်သီးနှံ၊ စားသုံးဆီနှင့် အခြားသော တန်ဖိုးမြှင့်ထုတ်ကုန်များသည် ပြည်ပဈေးကွက်များကိုလည်း တင်ပို့ရောင်းချနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်၍ ပြည်တွင်းဖူလုံသောအဆင့်မှသည် ပြည်ပတင်ပို့နိုင်သည်ထိ ဆက်လက်ဆောင်ရွက်နိုင်မည့် လမ်းပြမြေပုံတစ်ခုကို ရေးဆွဲချမှတ်မည်ဆိုပါက အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်းအကောင်အထည်ဖော်ခြင်း Public Private Partnership –PPP ကိုသာ ဆောင်ရွက်သင့်သည်။ အဓိကလုပ်ဆောင်ရမည့် ရှေ့လုပ်ငန်းစဉ်မှာ တောင်သူများမှ စားသုံးသူများထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအလိုက် ပူးပေါင်း၍ တည်ဆောက်သွားကြရန်ဖြစ်သည်။ ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် တောင်သူတစ်ဦးတစ်ယောက်ချင်း၊ ကုန်သည်တစ်ဦးချင်း၊ ဆီစက်ပိုင်ရှင်တစ်ဦးချင်း၊ ဆီတင်သွင်းသူတစ်ဦးချင်း ဆောင်ရွက်၍ မရနိုင်သောကဏ္ဍကြီးတစ်ခုဖြစ်သည်။ အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်မှုကို လျင်လျင်မြန်မြန် ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၂၂-၉-၂၀၂၆ ထုတ်သတင်းစာများ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ၂၀၂၄ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နေကြာများ လျာထားဧကအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ နေကြာဧက ၂၃၁၀ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို မစိုက်ပျိုးမီကတည်းက ကြိုတင်စီမံဆောင်ရွက်ပေးထားပါတယ်။ စိုက်ပျိုးမဲ့နေကြာစိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားရောဂါကင်းရှင်းစေဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် နေကြာကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေး နည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းပို့ချပေးခြင်း၊ လိုအပ်သောသွင်းအားစုများ ပံ့ပိုးပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျအသုံးပြုမှုမှန်ကန်စေရန် နည်းပညာပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် ပေါက်တောကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပဲခူး အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ပေါက်တောကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက ပေါက်တောကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၅၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လတတိယပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

## စွမ်းဆောင်ရှင်ဆရာ

- တပည့်များစွာ တတ်သိလာအောင်
  စာပေသင်ပြ နှုတ်ချိုမြနှင့်
  ရင်ကမေတ္တာ ဖြူစင်စွာကို
  ပမာမိသွင် ပေးဝေချင်သော
  ကြည်လင်မျက်နှာ မြတ်ဆရာ။

- တပည့်များစွာ နားဝင်လာအောင်
  သင်ကာလမ်းပြ ဆိုဆုံးမနှင့်
  ရင်ကမေတ္တာ ဖြူစင်စွာကို
  ပမာဖသွင် ပေးဝေချင်သော
  ပီပြင်မျက်နှာ မြတ်ဆရာ။

- တပည့်များစွာ စိတ်ရွှင်လာအောင်
  နှုတ်အာစွမ်းပြ တေးအကနှင့်
  ရင်ကမေတ္တာ ဖြူစင်စွာကို
  ပမာဆိုရှင် ပေးဝေချင်သော
  ကြည်ခင်မျက်နှာ မြတ်ဆရာ။

- တပည့်များစွာ သိလိမ္မာအောင်
  နှုတ်မာကြမ်းရ ဟန်မူပြနှင့်
  ရင်ကမေတ္တာ ဖြူစင်စွာကို
  ပမာသရုပ်ထင် ပေးဝေချင်သော
  တီထွင်မျက်နှာ မြတ်ဆရာ။

- ဩော်...တပည့်များစွာ သိပညာနှင့်
  လိမ္မာယဉ်ကျေး သတင်းမွှေးအောင်
  ဖေးဆောင်ညွှန်ပြ နိဿယနှင့်
  ကျနပီပြင် လူရာဝင်ရေး
  ယှဉ်တွေးပြုပြင် စွမ်းဆောင်ရှင်ကို
  အစဉ်လေးစားထိုက်တကား။ ။

**ညွန့်ဝင်း(နတ်တလင်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# မဟာဗျူဟာ အရန်လောင်စာဆီများမှ ဒီဇယ်ဆီနှင့် ရေနံစိမ်းစည်ပေါင်း သန်း ၁၀၀ ထုတ်ယူရန် ဂျီ-၇ အုပ်စုသဘောတူ




ပဲရစ် အောက်တိုဘာ ၃

လာမည့် လေးလတာကာလအတွင်း ၎င်းတို့၏ မဟာဗျူဟာအရန်လောင်စာဆီများထံမှ ဒီဇယ်ဆီနှင့် ရေနံစိမ်းစည်ပေါင်း သန်း ၁၀၀ ထုတ်ယူသုံးစွဲရန် ဂျီ-၇ အုပ်စုဝင်နိုင်ငံများက အောက်တိုဘာ ၂ ရက်တွင် သဘောတူခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒီဇယ်ဆီ ပြည်ပတင်ပို့မှုကို ပိတ်ပင်မည်ဖြစ်ကြောင်း သတိပေးခြင်းဖြင့် အမေရိကန်နိုင်ငံက မဟာဗျူဟာ အရန်လောင်စာဆီများ ထုတ်ယူဖြန့်ဖြူးရန် ဥရောပကို ဖိအားပေးလာခဲ့ပြီးနောက် ဂျီ-၇ အုပ်စုဝင်နိုင်ငံများက မဟာဗျူဟာ အရန်လောင်စာဆီများ ထုတ်ယူဖြန့်ဖြူးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လာမည့် လေးလတာ ကာလအတွင်း မဟာဗျူဟာလောင်စာဆီများမှ ဒီဇယ်ဆီနှင့် ရေနံစိမ်းစည်ပေါင်း သန်း ၁၀၀ ကို နိုင်ငံတကာစွမ်းအင်အေဂျင်စီ (အိုင်အီးအေ) ကိုကြားခံထား၍ ထုတ်ယူဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ဂျီ-၇ အုပ်စုဝင်နိုင်ငံများက အောက်တိုဘာ ၂ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် စွမ်းအင်ပြည်ပတင်ပို့မှု ကန့်သတ်ချက်များကို ရှောင်ရှားရန်လည်း အောက်တိုဘာ ၂ ရက် အစည်းအဝေးတွင် ဂျီ-၇ အုပ်စုခေါင်းဆောင်များက သဘောတူခဲ့ကြသည်။

ဂျီ-၇ အုပ်စု၏ အောက်တိုဘာ ၂ ရက် ကြေညာချက် ပေါ်ထွက်လာပြီးနောက် အမေရိကန်နိုင်ငံသည် ပြည်ပသို့ ဒီဇယ်ဆီတင်ပို့မှုများပိတ်ပင်ရန် စဉ်းစားမည်မဟုတ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ဂျီ-၇ အုပ်စုကို ဗြိတိန်၊ ဂျပန်၊ ကနေဒါ၊ ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ အမေရိကန်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားကြောင်းသိရသည်။ Ref : Xinhua

Trs : KKO

# စင်တာ-၂၀၂၆ စစ်ရေးလေ့ကျင့်မှုကို ရုရှားသမ္မတပူတင် တက်ရောက်ကြည့်ရှု

မော်စကို အောက်တိုဘာ ၃

ယူရယ်လ် တောင်တန်းဒေသ၌ ရုရှားတပ်ဖွဲ့ဝင်များနှင့် နိုင်ငံတကာ တပ်ဖွဲ့ဝင်များပြုလုပ်နေသော စင်တာ-၂၀၂၆ ပူးတွဲစစ်ရေးလေ့ကျင့်မှု နောက်ဆုံးအဆင့်ကို ရုရှားသမ္မတပူတင် ကိုယ်တိုင် အောက်တိုဘာ ၂ ရက်တွင် တက်ရောက် ကြည့်ရှုခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



စင်တာ-၂၀၂၆ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ရုရှားတပ်ဖွဲ့ဝင်များနှင့်အတူ ဘယ်လာရုစ်၊ ကာဇက်စတန်၊ တာဂျစ်ကစ္စတန်၊ တရုတ်၊ မွန်ဂိုလီးယား၊ ပါကစ္စတန် တပ်ဖွဲ့ဝင်များလည်း ပါဝင်နေကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တပ်ဖွဲ့ဝင်အင်အား စုစုပေါင်း ၄၇၀၀၀ ပါဝင်သော စင်တာ-၂၀၂၆ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို နိုင်ငံပေါင်း ၅၅ နိုင်ငံတို့မှ ကိုယ်စားလှယ်များကလည်း လေ့လာသူအဖြစ် တက်ရောက်စောင့်ကြည့်နေကြောင်းသိရသည်။

စင်တာ-၂၀၂၆ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် စက်တင်ဘာ ၂၈ ရက်တွင် စတင်ခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်းသိရသည်။

စင်တာ-၂၀၂၆ ပူးတွဲစစ်ရေးလေ့ကျင့်ပွဲသို့ တက်ရောက်စဉ် ရုရှားသမ္မတပူတင်သည် ယူကရိန်းစစ်ရေးပဋိပက္ခ၌ အသုံးပြုနေသည့် ဂျီရန်းအမျိုးအစား ဂျက်တွန်းကန်အားသုံး မောင်းသူမဲ့ဒရုန်းယာဉ်များအပါအဝင် စစ်လက်နက်ပစ္စည်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

Ref : RT

Trs : KKO

# သမ္မတလောင်းများ နှစ်နိုင်ငံသားခံယူမှုပိတ်ပင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် မက္ကဆီကိုနိုင်ငံ အတည်ပြုနိုင်

မက္ကဆီကိုစီးတီး အောက်တိုဘာ ၃

သမ္မတရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းများ နိုင်ငံနှစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူထားမှုကို ပိတ်ပင်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တစ်ရပ် မကြာမီကာလအတွင်း မက္ကဆီကိုနိုင်ငံက အတည်ပြုနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၂ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် မူကြမ်း၌ သမ္မတလောင်းများသာမက ပြည်နယ် အုပ်ချုပ်ရေးမှူးများနှင့် မက္ကဆီကိုစီးတီး မြို့တော်ဝန်တို့လည်း ပါဝင်မည်ဖြစ်သည်။

သမ္မတလောင်းများ နှစ်နိုင်ငံသားခံယူထားမှု ပိတ်ပင်ရေးဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်မူကြမ်းကို ပြည်ပကြားဝင်စွက်ဖက်မှုများ တားဆီးရေးအတွက် ရည်ရွယ် ရေးဆွဲထားခြင်းဖြစ်ကြောင်း သမ္မတကလော်ဒီယာ ရှိန်းဘောင်းက ပြောကြားထားသည်။

မက္ကဆီကို သမ္မတများသည် အမျိုးသားအလံတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၊ ပြည်သူတစ်ရပ်တို့ကိုသာ ကာကွယ်ရမည် ဖြစ်ကြောင်း သမ္မတ ရှိန်းဘောင်းက စက်တင်ဘာ ၃၀ ရက် သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ထားသည်။

အဆိုပါဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ချက်ကို မက္ကဆီကိုပြည်နယ် ၃၂ ခုတို့၏ ပြည်နယ်လွှတ်တော်များအနက် အများစုက အတည်ပြုထားပြီး ဖြစ်သကဲ့သို့ အမျိုးသား ကွန်ဂရက်လွှတ်တော်နှစ်ရပ်ကလည်း အတည်ပြုပေးထားပြီးဖြစ်သည်။

ထိုပြင်ဆင်ချက်ကို တရားဝင်ပြန်တမ်းဖြင့် မထုတ်ပြန်မီ လွှတ်တော်အမတ်များက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိသည်ဟု တရားဝင်ကြေညာချက် ထုတ်ပြန်ပေးရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဟူသီလက်နက်ကိုင်အဖွဲ့ကို ထိုးစစ်တစ်ရပ်ဆင်နွှဲရန် ဆော်ဒီအာရေဗျနိုင်ငံ စီစဉ်နေ

ရီယာ့ဒ် အောက်တိုဘာ ၃

အီရန် ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့ကို ယီမင်နိုင်ငံအတွင်း၌ ထိုးစစ်တစ်ရပ် ဆင်နွှဲတိုက်ခိုက်ရန် ဆော်ဒီအာရေဗျနိုင်ငံက စီစဉ်နေကြောင်း ဒေသတွင်းနှင့် အနောက်အုပ်စု သတင်း အရင်းအမြစ်များကို ကိုးကား၍ အောက်တိုဘာ ၂ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မြေပြင်၌ ဆော်ဒီအာရေဗျနိုင်ငံက ကြီးကြပ်ကွပ်ကဲသည့် ယီမင်တပ်ဖွဲ့များ ဦးဆောင်မည့် အဆိုပါ ထိုးစစ်ကို လာမည့် ရက်သတ္တပတ်များအတွင်း စတင်နိုင်ဖွယ်ရှိကြောင်း သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

အဆိုပါ ယီမင်တပ်များ၏ မြေပြင်ထိုးစစ်ကို ဆော်ဒီအာရေဗျနိုင်ငံက လေကြောင်းတိုက်ခိုက်မှုများဖြင့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များ၏ အဆိုအရသိရသည်။

ပင်လယ်နီ ရေလမ်းကြောင်းများ လုံခြုံရေးအတွက် အဆိုပါ ထိုးစစ်ကိုဆင်နွှဲရန် ဆော်ဒီအာရေဗျနိုင်ငံက စီစဉ်နေခြင်းဖြစ်ကြောင်းသတင်းအရင်းအမြစ်များက ထုတ်ဖော်ပြောကြားထားသည်။

ယခုနှစ်အတွင်း အီရန်စစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက် ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့သည် ဆော်ဒီရေနံလုပ်ငန်းအတွက် အရေးပါသည့် ပင်လယ်နီ ရေလမ်းကြောင်းများကို စတင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ Ref : RT

Trs : KKO

# ဘလစ်စတစ်ဒုံးကျည် တစ်စင်း မြောက်ကိုရီးယားနိုင်ငံ ပစ်လွှတ်



ပြုံယမ်း အောက်တိုဘာ ၃

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ ဘလစ်စတစ်ဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

နယ်စပ်မြေမြှုပ်မိုင်း ပေါက်ကွဲမှုများနှင့် ပတ်သက်၍ တောင်ကိုရီးယားအစိုးရ၏ စွပ်စွဲချက်များကို ငြင်းပယ်ခဲ့ပြီး တစ်ရက်အကြာတွင် မြောက်ကိုရီးယားနိုင်ငံက ဘလစ်စတစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် အဆိုပါ ဘလစ်စတစ်ဒုံးကျည်ကို ဝန်ဆန်ဒေသမှ ပစ်လွှတ်ခဲ့ရာ ကီလိုမီတာ ၇၀၀ ကျော် (၄၃၄) မိုင်ထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားနှင့် ဂျပန်တပ်မတော်တို့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် တောင်ကိုရီးယားနှင့် အမေရိကန်တပ်မတော်တို့သည် မြောက်ကိုရီးယား၏ ယနေ့ ဘလစ်စတစ် ဒုံးကျည်စမ်းသပ်မှုကို အသေးစိတ်လေ့လာဆန်းစစ်မှုများပြုလုပ်လျက်ရှိသည်။

မြောက်ကိုရီးယား နိုင်ငံက အဆိုပါ ဒုံးကျည်စမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယား သမ္မတရုံး အမျိုးသားလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်မှု ၁၀ ကြိမ်နှင့်အထက် ပြုလုပ်ခဲ့ပြီး ဖြစ်ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# စပေ့စ်အိတ်ကုမ္ပဏီက ဂြိုဟ်တုအစင်းရေ ၁၃၀ ကို Transporter-18 မစ်ရှင်ဖြင့် လွှတ်တင်



**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဂူးဂဲလ်ကုမ္ပဏီ၏ရှေ့ပြေး AI ဂြိုဟ်တုအပါအဝင် ဂြိုဟ်တုစင်းရေ ၁၃၀ ကို Transporter-18 အမည်ရှိမစ်ရှင်ဖြင့် အောက်တိုဘာ ၁ ရက်က လွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်တုအစင်းရေ ၁၃၀ ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၅၄ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ စတင်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၇ ဒသမ ၅ မိနစ်အကြာတွင် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းနယ်မြေ၌ အောင်မြင်စွာပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီ၏ Transporter မစ်ရှင်များသည် နိုင်ငံတကာဖောက်သည်များ၏ ဂြိုဟ်တုအများအပြားကို စုပေါင်းစပ်ပေါင်းစနစ်ဖြင့် လွှတ်တင်ပေးနေသော မစ်ရှင်များဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တင်ခဲ့သည့် Transporter-1 မစ်ရှင်တွင် စပေ့စ်အိတ်ကုမ္ပဏီသည် ဂြိုဟ်တုစင်းရေ ၁၄၃ စင်းထိ လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကိုယ်အလေးချိန် လျှော့ချရေးထိုးဆေးများကို ဘေးကင်းစွာအသုံးပြုနိုင်

**လန်ဒန် အောက်တိုဘာ ၃**

အမျိုးသမီးများ ကိုယ်ဝန်ဆောင်ထားစဉ် ကာလအတွင်း ကိုယ်အလေးချိန် လျှော့ချရေးထိုးဆေးများကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကိုယ်ဝန်ဆောင်အမျိုးသမီး နှစ်သန်းကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မိခင်လောင်းများအနေဖြင့် ကိုယ်ဝန်ဆောင်ကာလအတွင်း ကိုယ်အလေးချိန် လျှော့ချရေးထိုးဆေးများကို ဘေးကင်းလုံခြုံစွာ သုံးစွဲနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများ ကိုယ်အလေးချိန်လျှော့ချရေးဆေးများသုံးစွဲမှုကြောင့် ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်းပြဿနာများ ပေါ်လာနိုင်ခြေ ပုံမှန်ထက် မြင့်တက်လာမှုမရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ အထက်ပါတွေ့ရှိချက်များသည် လက်ရှိချမှတ်ထားသော ကိုယ်ဝန်ဆောင် အမျိုးသမီးများ ကိုယ်အလေးချိန်လျှော့ချရေးထိုးဆေးသုံးစွဲမှုဆိုင်ရာ တရားဝင်လမ်းညွှန်ချက်များနှင့် ကွဲလွဲလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# အင်္ဂါဂြိုဟ်ပေါ်၌ နှစ်သစ်စတင်ဝင်ရောက်ပြီဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက ထုတ်ပြန်ထား

**ပဲရစ် အောက်တိုဘာ ၃**

အင်္ဂါဂြိုဟ်ပေါ်၌ စက်တင်ဘာ ၃၀ ရက်တွင် နှစ်သစ် စတင်ဝင်ရောက်ပြီဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက အောက်တိုဘာ ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အင်္ဂါဂြိုဟ်သည် စက်တင်ဘာ ၃၀ ရက်တွင် နေကို တစ်ပတ်အပြည့်ပတ်နိုင်ခဲ့ပြီး ထိုနေ့မှာပင် ကမ္ဘာ့မြေရက်အားဖြင့် ၆၈၇ ရက်ခန့်ကြာမြင့်မည့် နေတစ်ပတ်ခရီးစဉ်ကို တစ်ဖန်ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်၏ တစ်ရက်တာကာလနှင့် ကမ္ဘာ့ဂြိုဟ်၏ တစ်ရက်တာကာလတို့မှာ တူညီခြင်းမရှိဘဲ အင်္ဂါဂြိုဟ်တစ်ရက်တာကာလမှာ ၂၄ နာရီနှင့် ၃၉ မိနစ် ကြာမြင့်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အင်္ဂါဂြိုဟ်၏ တစ်နှစ်တာကာလမှာ ကမ္ဘာ့ဂြိုဟ်ရက်အားဖြင့် ၆၈၇ ရက်ခန့်ရှိသော်လည်း အင်္ဂါဂြိုဟ်ရက်အားဖြင့် ၆၆၈ ရက်မှသာ တစ်နှစ်ပြည့်ကြောင်း သိရသည်။



နှစ်သစ်စတင်ဝင်ရောက်ချိန် စက်တင်ဘာ ၃၀ ရက်တွင် အင်္ဂါဂြိုဟ်မြောက်ဘက်ခြမ်း၌ နွေဦးရာသီစဝင်ခဲ့ပြီး အင်္ဂါဂြိုဟ်တောင်ဘက်ခြမ်းတွင် ဆောင်းဦးရာသီ စတင်ဝင်ရောက်ခဲ့ပြီ ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်၏ ဘဲဥပုံပိုဆန်သော ပတ်လမ်း အနေအထားကြောင့် အင်္ဂါဂြိုဟ်ပေါ်ရှိ ရာသီဥတုများမှာ ကမ္ဘာပေါ်ရှိ ရာသီဥတုများကဲ့သို့ ကာလအတိုင်းအတာ တူညီမှုမရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO

# အသက် ၅၀ ခန့်အရွယ် အလုပ်ခွင်မှအနားယူပါက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းလာနိုင်

**နယူးယောက် အောက်တိုဘာ ၃**

အသက် ၅၀ ခန့် အရွယ်တွင် အလုပ်ခွင်မှ အနားယူခဲ့ပါက တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်ကျဆင်းလာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ အောက်တိုဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၅၀ ခန့် အရွယ်ရောက်သူ ဦးရေ ၂၆၀၀ တို့၏ အလုပ်ခွင်ရာဇဝင်များနှင့် ဦးနှောက်ကျန်းမာရေးအခြေအနေများကို အချိန်ယူလေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အလုပ်ခွင်မှ ငယ်ငယ်ရွယ်ရွယ်ဖြင့် အနားယူခဲ့သည့်အမျိုးသမီးများ၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် အပျော့စားပျက်စီးမှုပြဿနာပေါ်လာနိုင်ခြေ ပုံမှန်ထက် နှစ်ဆမြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလုပ်ခွင်မှ စောစောစီးစီး အနားယူသည့်အမျိုးသားများတွင်မူ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် အပျော့စားပျက်စီးမှုပြဿနာပေါ်လာနိုင်ခြေ ၅၀ ရာခိုင်နှုန်းထိ မြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အသက် ၆၅ နှစ်မတိုင်မီ အလုပ်ခွင်မှ အနားယူမှုကို အရွယ်မတိုင်မီ အငြိမ်းစားယူမှုအဖြစ် အမေရိကန်နိုင်ငံ၌ သတ်မှတ်ထားသည်။

အလုပ်ခွင်တည်ငြိမ်မှုနှင့် တွေးတောဆင်ခြင်နိုင်မှုစွမ်းဆောင်ရည်တို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# အမေရိကန်အစိုးရ၏ ယူအက်အေ-၃၂ သုလျှိုဂြိုဟ်တုတစ်စင်း ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်၌ ထူးဆန်းစွာပေါက်ကွဲပျက်စီးခဲ့

**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်အစိုးရ၏ ယူအက်အေ-၃၂ သုလျှိုဂြိုဟ်တုတစ်စင်းသည် ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်၌ ထူးဆန်းစွာပေါက်ကွဲပျက်စီးခဲ့ကြောင်း အောက်တိုဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယူအက်အေ-၃၂ အမည်ရှိ အဆိုပါဂြိုဟ်တုသည် စက်တင်ဘာ ၁၃ ရက်တွင် ကမ္ဘာ့ဂြိုဟ်အထက် အမြင့်မိုင် ၄၈၀ အကွာရှိ ပတ်လမ်းပေါ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူအက်အေ-၃၂ ဂြိုဟ်တု ပေါက်ကွဲမှုကြောင့် ကမ္ဘာ့ပတ်လမ်းပေါ်၌ အာကာသအမှိုက် တိမ်တိုက်တစ်ခု ပေါ်ထွက်လာခဲ့ရကြောင်း အမေရိကန် အာကာသတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ယူအက်အေ-၃၂ သုလျှိုဂြိုဟ်တုပေါက်ကွဲပျက်စီးခဲ့ခြင်းနောက်ခံအကြောင်းတရားကို အမေရိကန်အာကာသတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယူအက်အေ-၃၂ ဂြိုဟ်တု ပေါက်ကွဲပျက်စီးမှုကြောင့် ပေါ်ထွက်လာသည့် အာကာသအမှိုက်များကြောင့် အခြားဂြိုဟ်တုများအတွက်ပြဿနာရှိလာနိုင်သည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ယူအက်အေ-၃၂ သုလျှိုဂြိုဟ်တုကို ၁၉၈၈ ခုနှစ်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ဂျပန်အိုးပင်းအမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ကို အယ်ကာရက်ဇ် တက်ရောက်

**တိုကျို အောက်တိုဘာ ၃**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ဂျပန်အိုးပင်းအမျိုးသားတစ်ဦး တင်းနစ်ပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့် ပွဲစဉ်များကို ယနေ့တွင် ကစားခဲ့ရာ စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ဂျပန်အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်တွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့်(၁)မှ အဆင့်(၈)ထိ သတ်မှတ်ခံထားရသူများအနက် အယ်ကာရက်ဇ်နှင့် ပြင်သစ် တင်းနစ်ကစားသမား ဗာချာရော့တို့ နှစ်ဦးသာကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ပြီး ကျန်ကစားသမားများသည် ၁၆ ဦး ရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရသည်။

၁၆ ဦး ရှုံးထွက်အဆင့်တွင် အယ်ကာရက်ဇ်သည် အီတလီ တင်းနစ်ကစားသမား အာနယ်ဒီနှင့်ကစားခဲ့ရာ (၇-၆)၊ (၆-၁) ရလဒ်ဖြင့် အနိုင်ရပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် လက်ရှိ ဂျပန်အိုးပင်း အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၌ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၄ ရက်တွင် ကနေဒါတင်းနစ်ကစားသမား ရှာပိုဗာလော့ဗ်နှင့် ဆက်လက်ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : AGTP Tennis
Trs : STA



## မန်ယူအသင်းက ဖာနန်ဒက်ကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ပြင်ဆင်

**မန်ချက်စတာ အောက်တိုဘာ ၃**

မန်ယူအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် လုပ်ခလစာ ညှိနှိုင်းမှု အဆင်မပြေဖြစ်နေသည့် ဖာနန်ဒက်ကို လာမည့်ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ပြင်ဆင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖာနန်ဒက်သည် ၂၀၁၉ ခုနှစ်က စပိုတင်လစ္စဘွန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသခဲ့သူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၇ ခုနှစ် ဇွန်လကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

မန်ယူအသင်းက အစောပိုင်းက ဖာနန်ဒက်ကို ရောင်းချရန်ပြင်ဆင်ထားသော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ဂိုးဖန်တီးမှု ၂၁ ကြိမ်ပြုလုပ်ခဲ့ကာ တစ်ရာသီအတွင်း ဂိုးဖန်တီးမှု အများဆုံး လုပ်ဆောင်နိုင်သည့် ကစားသမားအဖြစ် ရပ်တည်ခဲ့ပြီးနောက် ရောင်းချမည့်အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းပြီး စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သို့သော် သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ရာတွင် ဖာနန်ဒက်က လုပ်ခလစာတိုးမြှင့် ရယူလိုပြီး မန်ယူအသင်းကလည်း လုပ်ခလစာတိုးမြှင့် ပေးချေလိုခြင်းမရှိသည့်အတွက် လာမည့်ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၃သန်းရရှိပါက ရောင်းချရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Fotmob
Trs : STA

## မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)အပြီး ISPE အသင်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်

**ရန်ကုန် အောက်တိုဘာ ၃**



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ၌ အောက်တိုဘာ ၂ရက်တွင် ပွဲစဉ်(၁၇)ပြီးဆုံးခဲ့ပြီး ISPE အသင်းက ရမှတ် ၄၃မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၇)အပြီးတွင် ISPE အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့ပြီး ရမှတ် ၄၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသော်လည်း အဆင့်(၂)နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းက အနိုင်ရခဲ့သည့်အတွက် ရမှတ် ၃၉ မှတ်ဖြင့် ဖိအားပေးလျက်ရှိသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၇)အပြီး ISPEအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့နောက်တွင် ဒဂုံစတားအသင်းက ရမှတ် ၃၃ မှတ်ဖြင့်အဆင့်(၃)၊ ရှမ်းယူနိုက်တက်အသင်းက ၃၂ မှတ်ဖြင့် အဆင့်(၄)၊ ရတနာပုံအက်ဖ်စီအသင်းက ၃၁ မှတ်ဖြင့်အဆင့်(၅)၊ ဖယ်ကွန်အက်ဖ်စီအသင်းက ၂၇ မှတ် ဂိုးကွာခြားချက်ဖြင့်အဆင့်(၆)၊ သစ္စာအားမာန်အသင်းက ၂၇ မှတ်ဖြင့် အဆင့်(၇)၊ ဂလက်ဆီအက်ဖ်စီအသင်းက ၂၅ မှတ်ဖြင့် အဆင့်(၈)၊ ရန်ကုန်စီးတီးအသင်းက ၂၅ မှတ်ဖြင့် အဆင့် (၉)၊ ဟံသာဝတီယူနိုက်တက် အသင်းက ၁၆ မှတ်ဖြင့်အဆင့် (၁၀)၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၄ မှတ်ဖြင့် အဆင့်(၁၁)၊ စစ်ကိုင်းယူနိုက်တက်အသင်း ၁၄ မှတ်ဖြင့် အဆင့်(၁၂)၊ မြဝတီအက်ဖ်စီအသင်းက ခြောက်မှတ်ဖြင့် အဆင့်(၁၃)၊ ချင်းလန်းအက်ဖ်စီအသင်းက လေးမှတ်ဖြင့် အဆင့်(၁၄) နေရာတွင် ရပ်တည်နေသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များကို အောက်တိုဘာ ၆ ရက်မှ ၈ ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

## Lotte Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယအကျော့အပြီးတွင် သီတီကူနှင့် ပိုလီမက်တို့ ထိပ်ဆုံးမှ ဦးဆောင်

**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် Lotte Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ထိုင်းဂေါက်သီးရိုက်မယ် သီတီကူနှင့် ဂျာမနီဂေါက်သီးရိုက်မယ် ပိုလီမက်တို့သည် ဒုတိယအကျော့ပွဲစဉ်များအပြီးတွင် သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီ လျော့ရိုက်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ပူးတွဲဦးဆောင်နေကြောင်း DP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

Lotte Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့် ဒုတိယအကျော့အပြီး သီတီကူနှင့် ပိုလီမက်တို့နောက်တွင် အီတလီဂေါက်သီးရိုက်မယ် မယ်ဂရာတီ၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် အီနာယွန်းတို့က သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ပြီး ဒုတိယနေရာတွင် လည်းကောင်း၊ တရုတ်ဂေါက်သီးရိုက်မယ် မီချယ်လီ၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် အာလင်ကင်တို့က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ပြီး တတိယနေရာတွင်ရပ်တည်နေကာ ချန်ပီယံဆုအတွက် ဖိအားပေးလျက်ရှိသည်။

Lotte Championship ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးအဆင့်အဖြစ် တတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၄ ရက်တွင် ဆက်လက်ကစားမည်ဖြစ်သည်။

Lotte Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၄ ကြိမ်မြောက်အဖြစ် ကျင်းပနေခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမား ဦးရေ ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်နေကာ ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ သုံးသန်းချီးမြှင့်မည် ဖြစ်ကြောင်းသိရသည်။

Ref : DP Tour
Trs : STA

## ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင် အသက်အကြီးဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် ပိုလန်အသင်းတိုက်စစ်မှူး လီဝမ်ဒေါ်စကီးရပ်တည်

**ဝါဆော အောက်တိုဘာ ၃**

ပိုလန်အသင်း တိုက်စစ်မှူး လီဝမ်ဒေါ်စကီးသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ပိုလန်အသင်းနှင့် ရိုမေးနီးယားအသင်းတို့ပွဲစဉ်တွင် ဟက်ထရစ်သွင်းဂိုး သွင်းယူခဲ့ပြီးနောက် ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲတွင် ပေါ်တူဂီအသင်းမှ စီရော့နယ်ဒိုကိုကျော်ဖြတ်ပြီး အသက်အကြီးဆုံး ဟက်ထရစ်သွင်းဂိုးရှင်ဖြစ်လာခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။



ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲအဖြစ် ပိုလန်အသင်းက ရိုမေးနီးယားအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပိုလန်အသင်းတိုက်စစ်မှူး လီဝမ်ဒေါ်စကီးသည် ပွဲချိန် ၂၄ မိနစ်၊ ၄၇မိနစ်၊ ၈၆ မိနစ်တို့တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုးသွင်းယူခဲ့ပြီးနောက် စီရော့နယ်ဒိုကို ကျော်ဖြတ်ပြီး ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင် အသက်အကြီးဆုံး ဟက်ထရစ် သွင်းဂိုးရှင်အဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲတွင် အသက်အကြီးဆုံး ဟက်ထရစ်သွင်းဂိုးရှင်အဖြစ် စီရော့နယ်ဒိုသည် ၂၀၁၉ ခုနှစ်က အသက် ၃၄ နှစ် ရက် ၁၂၀ ဖြင့် ရပ်တည်နေခြင်းဖြစ်သည်။

သို့သော် လီဝမ်ဒေါ်စကီးက ပိုလန်အသင်းနှင့် ရိုမေးနီးယားအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်၌ ပါဝင်ကစားခဲ့ချိန်တွင် အသက် ၃၈ နှစ် ၄၂ ရက် ရှိနေပြီဖြစ်သည့်အတွက် စီရော့နယ်ဒိုကိုကျော်ဖြတ်ပြီး အသက်အကြီးဆုံး ဟက်ထရစ်သွင်းဂိုးရှင်ဖြစ်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : B/R Football
Trs : STA

# FIFA-ASEAN Cup ဘောလုံးပြိုင်ပွဲ Division-2အဆင့်တွင် ကမ္ဘောဒီးယားအသင်းကို အနိုင်ရပြီး ဟောင်ကောင်အသင်း ချန်ပီယံဆုဆွတ်ခူး




**ဟောင်ကောင် အောက်တိုဘာ ၃**

ဟောင်ကောင်တွင် ကျင်းပခဲ့သည့် FIFA-ASEAN Cup ဘောလုံးပြိုင်ပွဲ Division-2 အဆင့် ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက အိမ်ရှင်ဟောင်ကောင်အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ကစားခဲ့ရာ ဟောင်ကောင်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း ASEAN Football သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဟောင်ကောင်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၁ မိနစ်တွင် မက်သရူးအောလ်နှင့် ပွဲချိန် ၅၈ မိနစ်တွင် ကာမာဂိုတို့က သွင်းယူခဲ့သည်။

အဆိုပါ ပြိုင်ပွဲကို ယခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး Division-1 အဆင့်ပြိုင်ပွဲနှင့် Division-2 အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲနှစ်ရပ် ခွဲခြားကျင်းပခဲ့ကာ Division-2 အဆင့်ပြိုင်ပွဲကို ဟောင်ကောင်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် သုံးသင်းပါ နှစ်အုပ်စုခွဲခြားကျင်းပခဲ့ကာ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(A)မှ ပထမနေရာရရှိခဲ့သည့် ဟောင်ကောင်အသင်းနှင့် အုပ်စု(B)မှ ပထမနေရာရရှိခဲ့သည့် ကမ္ဘောဒီးယားအသင်းတို့ ဗိုလ်လုပွဲအဆင့်ကစားခဲ့ခြင်းဖြစ်သည်။

Division-2 အဆင့်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သည့်ဟောင်ကောင်အသင်းသည် လာမည့်နှစ်ပြိုင်ပွဲတွင် Division-1 အဆင့်ပြိုင်ပွဲကို တန်းတက်ကစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : ASEAN Football**
**Trs : STA**

# ယူဂန်ဒါအင်တာနေရှင်နယ်စီးရီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဟိန်းထွဋ် ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် အောက်တိုဘာ ၃**

ယူဂန်ဒါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ယူဂန်ဒါ အင်တာနေရှင်နယ်စီးရီး ကြက်တောင်ရိုက်ပြိုင်ပွဲ၌ ယနေ့တွင် မြန်မာနိုင်ငံမှ ကြက်တောင်ရိုက်ကစားသမား ဟိန်းထွဋ်သည် အိန္ဒိယ ကြက်တောင်ရိုက်ကစားသမား ကာနာပါလာကို အနိုင်ရပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ကြောင်းသိရသည်။

ယူဂန်ဒါ အင်တာနေရှင်နယ်စီးရီး ကြက်တောင်ရိုက်ပြိုင်ပွဲ၌ ဟိန်းထွဋ်သည် ယနေ့တွင် ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် တောင်အာဖရိက ကြက်တောင်ရိုက်ကစားသမား ကာကိုရာနှင့် ကစားခဲ့ရာ လက်ရည်အသာဖြင့် ကစားခဲ့ပြီး ပထမပွဲငယ်တွင် (၂၁-၁၂)မှတ်ဖြင့် အနိုင်ရခဲ့သကဲ့သို့ ဒုတိယပွဲငယ်တွင်လည်း (၂၁-၆)မှတ်ဖြင့်အနိုင်ရပြီးနောက် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဟိန်းထွဋ်သည်ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် အိန္ဒိယ ကြက်တောင်ရိုက် ကစားသမား ကာနာပါလာနှင့်ကစားခဲ့ရာ ပထမပွဲငယ်တွင်(၁၆-၂၁)မှတ်ဖြင့်ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် (၂၁-၁၄)မှတ်၊ တတိယပွဲငယ်တွင် (၂၁-၁၀)မှတ်ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဟိန်းထွဋ်သည် ယူဂန်ဒါ အင်တာနေရှင်နယ်စီးရီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အောက်တိုဘာ ၄ ရက်တွင် အီရန်ကြက်တောင်ရိုက် ကစားသမားဟာယာတီနှင့် ကစားရမည်ဖြစ်ကြောင်းသိရသည်။

**STA**



# ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က လာမည့်ရက်သတ္တပတ်အတွင်း နည်းပြဂျီးဆပ်နှင့် စီရော်နယ်ဒိုတို့ကြား ဝင်ရောက်ဖြေရှင်းမည်

**လစ္စဘွန်း အောက်တိုဘာ ၃**

ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပေါ်တူဂီအသင်းနည်းပြ ဂျီးဆပ်နှင့် စီရော်နယ်ဒိုတို့ကြားဖြစ်ပွားနေသည့်ပြဿနာအတွက် လာမည့်ရက်သတ္တပတ်အတွင်း တွေ့ဆုံပြီး ကြားဝင် ဖြေရှင်းမည်ဟု အတည်ပြု ကြေညာခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ ဂျီးဆပ်က စီရော်နယ်ဒိုကို ဥရောပနေရှင်းလိဂ် ပြိုင်ပွဲဝင်အသင်း ကစားသမားစာရင်းတွင် ရွေးချယ်ခဲ့သော်လည်း ပွဲထွက်ခွင့်မပေးခဲ့သည့်အတွက် ၎င်းတို့နှစ်ဦးကြားဆက်ဆံရေးတင်းမာမှုများရှိလာခဲ့ပြီး စီရော်နယ်ဒိုက အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီးနောက် နည်းပြဂျီးဆပ်ကလည်း စီရော်နယ်ဒိုဝတ်ဆင်ခဲ့သည့် ကျောနံပါတ်(၇)ကို တောင်ပံကစားသမား ရာဖေးလီယိုထံ လွှဲပြောင်းခဲ့သကဲ့သို့ အသင်းခေါင်းဆောင်ရာထူးကိုလည်းဖာနန်ဒက်ထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် စီရော်နယ်ဒိုက ပေါ်တူဂီအသင်းကစားသမားဘဝ အနားယူကြောင်း အတည်ပြုကြေညာထားခြင်း မရှိသေးသော်လည်း အနားယူရန် နီးစပ်နေသည့်အတွက် ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြဂျီးဆပ်နှင့် စီရော်နယ်ဒိုတို့ကို လာမည့် ရက်သတ္တပတ်အတွင်း သီးသန့်တွေ့ဆုံပြီး ကြားဝင်ဆွေးနွေးမည်ဖြစ်သည်။

ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီရော်နယ်ဒိုနှင့် နည်းပြဂျီးဆပ်တို့ကြားဖြစ်ပွားနေသည့် ကိစ္စရပ်များအတွက် လာမည့်ရက်သတ္တပတ်အတွင်း တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်မည်ဖြစ်ပြီး စီရော်နယ်ဒို၏ပေါ်တူဂီအသင်း ကစားသမားဘဝကို ယခုကဲ့သို့ပြဿနာများနှင့် အဆုံးမသတ်စေလိုကြောင်း ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

**Ref : 365 Scores**
**Trs : STA**

# ကာနယ်လိုက နောက်ဆုံးနှုတ်ဆက်ပွဲကို မက္ကဆီကိုနိုင်ငံ၌သာ ထိုးသတ်လိုကြောင်း ပြောကြား

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၃**

မက္ကဆီကို ထိပ်တန်းလက်ဝှေ့သမား ကာနယ်လိုက မိမိ၏ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝ နောက်ဆုံးပွဲစဉ်ကို မက္ကဆီကိုနိုင်ငံရှိ Estadio Azteca ကွင်းတွင် ထိုးသတ်ပြီး နှုတ်ဆက်လိုသည်ဟု ပြောကြားခဲ့ကြောင်း Source of Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

WBC ကမ္ဘာ့စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံဟောင်း ကာနယ်လိုသည် နောက်ဆုံး ထိုးသတ်ခဲ့သည့်ပွဲစဉ်အဖြစ် ၂၀၂၅ ခုနှစ် စက်တင်ဘာလက အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်နှင့်ထိုးသတ်ခဲ့ပြီး ရှုံးနိမ့်ခဲ့ကာ ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ရပြီး ကာလအတန်ကြာအနားယူနေခဲ့သူဖြစ်သည်။

ကာနယ်လိုသည် ကာလအတန်ကြာအနားယူခဲ့ပြီးနောက် WBC ကမ္ဘာ့စူပါ မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ် စိန်ခေါ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၃၁ ရက်တွင် လက်ရှိ ချန်ပီယံ ပြင်သစ်လက်ဝှေ့သမား အမ်ဘီလီနှင့် ထိုးသတ်မည်ဖြစ်သည်။

ကာနယ်လိုက "ကျွန်တော့်ရဲ့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝနောက်ဆုံးပွဲစဉ်ကို Estadio Azteca ကွင်းမှာ ထိုးသတ်ချင်ပါတယ်။ Estadio Azteca ကွင်းရဲ့ တာဝန်ခံတွေကလဲ ကျွန်တော့်ကို ကမ်းလှမ်းမှုတွေလုပ်ထားတာရှိပါတယ်။ကျွန်တော်ဘယ်လိုနှုတ်ဆက်ပွဲလုပ်မယ်ဆိုကိုတော့ မပြောနိုင်သေးပေမဲ့ နောက်ဆုံးနှုတ်ဆက်ပွဲကိုတော့ Estadio Azteca ကွင်းမှာလုပ်ဆောင်ဖို့စီစဉ်ထားပါတယ်" ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : Source of Boxing**
**Trs : STA**

# မန်စီးတီးအသင်းမှ ဟာလန်းက အသင်းဘဏ္ဍာရေးစည်းမျဉ်းပြဿနာများကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ထွက်ခွာရန် ပြင်ဆင်




**မန်ချက်စတာ အောက်တိုဘာ ၃**

လက်ရှိ မန်စီးတီးအသင်း၏ ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်မှုပြဿနာများကြောင့် ယခုနှစ်ဘောလုံးရာသီ အကုန်တွင် အဓိကကစားသမား ဟာလန်းက အသင်းမှထွက်ခွာပြီး စပိန်လာလီဂါပြိုင်ပွဲသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်အဖွဲ့ချုပ်၏ ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်သည့်အချက် ၁၁၄ ချက် ချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် လက်ရှိတွင် အယူခံဝင်ရောက်ထားပြီး အယူခံ အောင်မြင်ခြင်းမရှိခဲ့ပါက ပြင်းထန်သည့် အရေးယူမှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

မန်စီးတီးအသင်းသည် ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်မှုများအတွက် ပြင်းထန်သည့်ရမှတ်လျှော့ပြစ်ဒဏ်ကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရသည့်အတွက် ဟာလန်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာပြီး စပိန်လာလီဂါပြိုင်ပွဲမှ ထိပ်တန်းအသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

စပိန်လာလီဂါ ထိပ်တန်းအသင်းများဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကလည်း မန်စီးတီးအသင်း၏ ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုပြဿနာကို စောင့်ကြည့်နေပြီး ရာသီအကုန်တွင် မန်စီးတီးအသင်းမှ ဟာလန်းအပါအဝင် ထိပ်တန်း ကစားသမားများကို ခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။

**Ref : The Athletic**
**Trs : STA**

# ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆို

**ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက်သည် ကမ္ဘာ့ဆရာများနေ့ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အောက်တိုဘာ ၅ ရက်ကို **'ကမ္ဘာ့ဆရာများနေ့'**အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ ၂၀၀၂ ခုနှစ်သည် ကမ္ဘာ့ပညာရေးသမိုင်းတွင် ထူးခြားသော နှစ်တစ်နှစ်ဟု ဆိုချင်သည်။ ၂၀၀၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံအဖွဲ့အစည်းများဖြစ်ကြသည့် UNICEF၊ ILO၊ UNDP နှင့် UNESCO တို့က စုပေါင်းသဝဏ်လွှာကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ပေးပို့ပြီး ဆရာများကို ချီးကျူးဂုဏ်ပြုရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

ထိုသို့ သတ်မှတ်ပေးသည့်နှစ်မှာပင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးသော ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်း စိန်ရတုခန်းမ၌ နိုင်ငံတော်အဆင့်အနေဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ဆရာများကို ဂုဏ်ပြုခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆရာများနေ့ကို မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာနှင့်အညီ အလွန်မွန်မြတ်လှစွာသော ရည်ရွယ်ချက်များထားရှိလျက် ကျင်းပခဲ့ခြင်းဖြစ်သည်။

ရည်ရွယ်ချက်များမှာ–

- မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ အနန္တော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မြတ်ဆရာများအပေါ် အစဉ်လေးစားတန်ဖိုးထားလာစေရန်၊
- အာစရိယဆရာများနှင့် ဥပဇ္ဈာယ်ဆရာ အရည်အသွေးပြည့်ဝသည့် ဆရာများပိုမိုပေါ်ထွန်းလာစေရန်။
- ဆရာများနေ့အခမ်းအနားများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်စွာကျင်းပ၍ ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်ဂုဏ်ပြုရန်ဟူသော အချက်များဖြစ်သည်။

ကမ္ဘာ့ဆရာများနေ့ကျင်းပသည့် အခါသမယသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ ဆရာများအပေါ် အမိ၊ အဖသဖွယ် မြတ်နိုးလေးစားတတ်သည့် မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်နှင့်အညီ ဆရာများကိုပူဇော်သည့် သီတင်းကျွတ်နှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။ ထို့ပြင် ပညာရေးမြှင့်တင်မှုအစီအစဉ်အရ ကျောင်းလုပ်ငန်းဆိုင်ရာ ပညာရေးပြက္ခဒိန်ရေးဆွဲထားသည့် အချိန်ဇယားတွင်လည်း ဆရာကန်တော့ပွဲများ၊ အာစရိယပူဇော်ပွဲများ ကျင်းပရန် စီစဉ်ထားရှိပြီး နှစ်စဉ်နှစ်တိုင်း ပူဇော်ကန်တော့ကြသည်ကို တွေ့ရသည်။

ကမ္ဘာ့ဆရာများနေ့ကို ကမ္ဘာတစ်ဝန်းလုံးတွင် ယခုကဲ့သို့ ကျင်းပရခြင်းမှာ နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လူသားအရင်းအမြစ် ပြုစုပျိုးထောင်ပေးရာတွင် ပဓာနကျသော အခန်းကဏ္ဍက ပါဝင်နေသည့် ဆရာ၊ ဆရာမများ၏ တန်ဖိုးကြီးမားမှုကို ပိုမိုထင်ရှားပေါ်လွင်အောင် ဖော်ဆောင်ပေးခြင်းဖြစ်သကဲ့သို့ ဆရာ၊ ဆရာမများ၏ ဂုဏ်ရည်၊ ကျင့်ဝတ်သိက္ခာနှင့် ဂုဏ်ကျေးဇူးတို့ကို ဖော်ကျူးဂုဏ်ပြုခြင်းလည်းဖြစ်သည်။

နိုင်ငံတော်က တစ်မျိုးသားလုံးပညာရည်မြင့်မားတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးနေချိန် ယခုကဲ့သို့ အချိန်အခါမျိုးတွင် 'ကမ္ဘာ့ဆရာများနေ့' ပေါ်ထွန်းလာခြင်းမှာ နိုင်ငံတော်၏ လူမှုစီးပွားရေးဆိုင်ရာ ဗိသုကာများဟု ခေါ်ဆိုရမည့် ဆရာ၊ ဆရာမများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်ပြည်သူများအပိုင်းက ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းဆောင်တာများကို လေးလေးနက်နက် စဉ်းစားဆောင်ရွက်ပေးရန် လိုအပ်လာပြီဆိုသည့်အကြောင်းအချက်တစ်ရပ် ပေါ်ထွန်းလာသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုလူ့ဘောင်တွင် ဆရာ၏ဂုဏ်ကျေးဇူးကို အလွန်တန်ဖိုးထားသည်။ ဆရာဆိုသည်မှာ မိဘနှစ်ပါးနှင့်အတူ အနန္တဂိုဏ်းဝင်များအဖြစ် ခံယူထားကြသည်။

လူတိုင်း မွေးဖွားလာလာချင်း ဆရာနှင့် တွေ့ရသည်။ ထိုဆရာမှာ 'လက်ဦးဆရာ'ပင်ဖြစ်သည်။ လက်ဦးဆရာမှာ မိဘဖြစ်သည်။ မြန်မာမှုတွင် **"လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ"**ဟု ဆိုထားသည်။ လက်ဦးဆရာကောင်းလျှင် သားသမီးများ ထွန်းပေါက်ကြသည်။

မြတ်စွာဘုရားမှတစ်ပါး လူသားမှန်သမျှ ဆရာကူမှ လူဖြစ်ကြရသည်။ ဘုရားရှင်သည် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အလိုလိုသိတော်မူသော ဂုဏ်နှင့် ပြည့်စုံပြီးဖြစ်သောကြောင့် ဆရာမလိုခြင်းဖြစ်သည်။

မဃဒေဝလင်္ကာသစ်၌လည်း အတတ်ပညာဟူသည်မှာကား–

"ဆရာတို့ထံ
နည်းခံတိုးဝင်
မသင်မမေး
အရေးမထား
မတတ်ငြားဘူး"ဟူ၍ ပညာသင်ကြားရေးတွင် ဆရာထံ၌ နည်းနာခံယူသင့်ပုံကို ဖော်ပြထားသည်ကို တွေ့ရသည်။

တပည့်တို့သည် ဆရာရှိသောကြောင့် ပညာတတ်မြောက်ကြရသည်။ ဆရာ၏ အဆုံးအမခံယူခွင့်ရှိသည့်အတွက် ထူးခြားလိမ္မာလာသည်။ ဆရာကောင်းထံ နည်းခံသဖြင့် ပန်းကောင်းပန်ကာ တင့်တယ်ခြင်းဖြစ်ရသည်။ ဘဝတစ်ခု တင့်တယ်ခြင်းသည် ဆရာများ၏ ကျေးဇူးများစွာ ပါဝင်သည်။ မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှုနှင့် ဉာဏ်ရှိမှုတို့သည် အရေးပါသော်လည်း ဆရာ၏ပံ့ပိုးမှုက အလွန်အရေးပါလှသည်။

ဆရာကို ရှိသေမြတ်နိုး တန်ဖိုးထားတတ်သော မြန်မာတို့သည် မိမိကို ကိုယ်ထိလက်ရောက် သင်ကြားပေးသော ဆရာသာမက "သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ" ဟူ၍ မိမိအား အတတ်ပညာ တစ်စုံတစ်ရာပေးနိုင်သူများကို ကျေးဇူးရှင် ဆရာအဖြစ် အသိအမှတ်ပြုကြသည့် ဓလေ့တစ်ရပ်လည်းရှိသည်။

'ဆရာ'ဆိုသည့် ဝေါဟာရနှင့်စပ်လျဉ်း၍ မြန်မာ့အယူအဆများနှင့် အနောက်တိုင်းအယူအဆများ ကွာခြားသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့သည် "ဆရာ"ဟူသောစကားသံကို ကြားလိုက်ရလျှင် ကျွန်ုပ်တို့ကိုယ်တိုင် မသိလိုက်ရဘဲ စိတ်ထဲ၌ခံစားလိုက်မိသော စိတ်အစဉ်ကို ပြန်လည်သုံးသပ်ကြည့်မိသောအခါ 'ဆရာ'သည် ကျေးဇူးပြုအပ်သော၊ ရိုသေအပ်သော၊ ကျိုးနွံအပ်သော အသိစိတ်များ ပေါ်ထွန်းလာသည်။

ဆရာနှင့်စပ်လျဉ်း၍ ဤသို့စိတ်မျိုး ဖြစ်လာရခြင်းမှာ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ 'ဆရာ'ကို ဘုရားနှင့်တစ်ဂိုဏ်းတည်းထား၍ ကြည်ညိုရသောကြောင့်ဟု မြင်သည်။ မိဘ၊ ဆရာတို့ကို ရတနာမြတ်သုံးပါးနှင့် တစ်တန်းတည်းထားသည့် ယဉ်ကျေးမှုအယူအဆသည် ကမ္ဘာပေါ်တွင် မြန်မာသာရှိလိမ့်မည်ဟုထင်သည်။ ထို့ကြောင့် 'ဆရာ'ကို–

"ဆရာဟူသည်
တုညီနှိုင်းဆို
မြင်းမိုရ်တောင်ဦး
မကကျူးသည့်
ကျေးဇူးတရား
ဘုရားနှင့်နှိုင်း
တစ်ဂိုဏ်းတည်းပြ
အနန္တဂိုဏ်းဝင်
ကျေးဇူးရှင်"

ဟူ၍ ပညာရှင်များက ဆိုထားသည်။

မြန်မာစာပေကို လေ့လာကြည့်လျှင် ပညာ၏ တန်ဖိုးနှင့်တကွ ဆရာ့ကျင့်ဝတ်၊ ဆရာ့ဝတ္တရား၊ ဆရာ့ဂုဏ်ရည်၊ ဆရာ့တန်ဖိုးတို့ကို ဖော်ညွှန်းပြဆိုထားသည့် ကဗျာ၊ လင်္ကာ၊ ဆုံးမစာ စသောစာပေများစွာ တွေ့ရှိရပြီး ၎င်းသွန်သင်ဆုံးမမှုများကိုလည်း တပည့်များနှင့်တကွ မြန်မာ့လူ့ဘောင်တစ်ရပ်လုံးကပါ ယနေ့တိုင်လက်ခံကျင့်သုံးလျက်ရှိသည်။

**❖ ဤကမ္ဘာတွင် ဆရာနှင့်ကင်းသောနိုင်ငံဟူ၍မရှိသကဲ့သို့ ဆရာကင်းမဲ့သော ကမ္ဘာ့အကျော်အမော်ပုဂ္ဂိုလ်များလည်း ရှိမည်မဟုတ်ပါဟု ဆိုချင်သည်။ ဆရာ့တာဝန်မှာ ကြီးမားများပြားလှသည်ဟုဆိုလျှင်လည်း ငြင်းဖွယ်ရာမရှိ၊ အနာဂတ်နိုင်ငံအကျိုး၊ သယ်ပိုးနိုင်ကြမည့် နိုင်ငံ့သားကောင်းသမီးမွန်များ မွေးထုတ်ပေးရေး တာဝန်ယူရသူမှာ ဆရာ၊ မိမိနိုင်ငံ ပညာမြင့်မားရေးနှင့် နိုင်ငံတကာကိုရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီအတတ်ပညာများ၊ နည်းပညာသစ်များကို အစဉ်လေ့လာဆည်းပူးနေရသူများမှာလည်း ဆရာ၊ ထိုအတတ်ပညာ၊ နည်းပညာအသစ်အဆန်းတို့ကို ပြန်လည်ဖြန့်ဖြူးသူမှာလည်း ဆရာပင်ဖြစ်သည်။ ❖**

ဤကမ္ဘာတွင် ဆရာနှင့်ကင်းသော နိုင်ငံဟူ၍ မရှိသကဲ့သို့ ဆရာကင်းမဲ့သော ကမ္ဘာ့အကျော်အမော် ပုဂ္ဂိုလ်များလည်း ရှိမည်မဟုတ်ပါဟု ဆိုချင်သည်။ ဆရာ့တာဝန်မှာ ကြီးမားများပြားလှသည်ဟုဆိုလျှင်လည်း ငြင်းဖွယ်ရာမရှိ။ အနာဂတ်နိုင်ငံအကျိုး၊ သယ်ပိုးနိုင်ကြမည့် နိုင်ငံ့သားကောင်းသမီးမွန်များ မွေးထုတ်ပေးရေး တာဝန်ယူရသူမှာ ဆရာ၊ မိမိနိုင်ငံ ပညာမြင့်မားရေးနှင့် နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီအတတ်ပညာများ၊ နည်းပညာသစ်များကို အစဉ်လေ့လာဆည်းပူးနေရသူများမှာလည်း ဆရာ၊ ထိုအတတ်ပညာ၊ နည်းပညာအသစ်အဆန်းတို့ကို ပြန်လည်ဖြန့်ဖြူးသူမှာလည်း ဆရာပင်ဖြစ်သည်။

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

UNESCO ၏ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ပေးပို့သော ပထမဦးဆုံးသဝဏ်လွှာတွင် ခေတ်မီပညာကိရိယာများ မည်မျှပင်ဆန်းသစ် ထွန်းကားနေစေကာမူ လူသားနှင့်ဆက်သွယ်ရေး၌ ဆရာလောက် မစွမ်းဆောင်နိုင်သေးပုံကို ဤသို့ ဖော်ညွှန်းထားသည်ကို တွေ့ရသည်။

"ကျောင်းတွင်း သို့မဟုတ် ကျောင်းပြင်ပပညာရေးတွင် တစ်ဦးတစ်ယောက်တည်းက ထိရောက်စွာ မစွမ်းဆောင်နိုင်ပါ။ ဤလုပ်ငန်းတွင် မည်မျှခေတ်မီဆန်းပြားသောကိရိယာများ ပေါ်ထွန်းလာပါစေ၊ လူသားနှင့်ဆက်သွယ်မှုကို အစားမထိုးနိုင်သေးပါ။ ဆရာအတတ်ပညာ လေ့ကျင့်သင်ယူထားသော နားလည်မှု ဆုံးဖြတ်ချက်မျိုးကိုလည်း ထိုခေတ်ပေါ်ကိရိယာများက မဆောင်ရွက်နိုင်သေးပါ"ဟူ၍ ဆိုထားသည်။

ကျောင်းသားအတော်များများနှင့် မိဘများသည် ယနေ့ ကွန်ပျူတာခေတ်၊ အိုင်တီခေတ်၊ အေအိုင်ခေတ်တွင် အရာရာကို ခေတ်မီနည်းပညာများက ဖြေရှင်းပေးနိုင်သည့်အတွက် ဆရာမလိုဟူသော အယူအဆသည် ရေ့တန်းသို့ရောက်ရှိလာခဲ့၏။ AI တွင် မေးချင်တာမေး၊ ခိုင်းချင်ရာခိုင်း ရသည်ဟု ဆိုကြသည်။ သို့သော် လူသားဆရာထံက ရနိုင်သော မေတ္တာကိုမူ အဆိုပါခေတ်မီစက်ကိရိယာတို့က မပေးနိုင်ပေ။ စက်သည် ရုပ်ဝတ္ထုဖြစ်သည့်အတွက် အချက်အလက်ကို ပေးသည်။ ဗဟုသုတကို ပေးသည်။ သို့သော် ဆရာ့ရင်တွင်း၌ရှိသော စေတနာနှင့်မေတ္တာတရားကို ကွန်ပျူတာက ထုတ်ပေးနိုင်မည် မဟုတ်ပါချေ။

'စက်'များသည် စာကိုတော့ သင်နိုင်ပါလိမ့်မည်။ 'လူ'ကိုတော့ ပြင်နိုင်မည်မဟုတ်ပေ။ 'ဆရာ'သည်သာလျှင် "ပညာကိုလည်းသင်၊ လူကိုလည်းပြင်" ဆိုသကဲ့သို့ စိတ်ကိုပြင်ပေးနိုင်သည်။ ထို့ကြောင့် ဆရာသည် အစားထိုးမရသော အနန္တကျေးဇူးရှင်ဖြစ်သည်။

ကရုဏာတရား၊ အကြင်နာတရား၊ မေတ္တာတရားများကို လူသားဖြစ်သည့် ဆရာကသာ ပေးစွမ်းနိုင်မည်ဖြစ်သည်။ ဆရာသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံးမှာရှိနေမည်ဖြစ်ပြီး 'ထာဝရ' ဟု ဆိုနိုင်သည်။ လူ့ဘဝတွင် မြင့်မြတ်သောဘဝကို ပိုင်ဆိုင်ပြီး မြင့်မြတ်သောတာဝန်ဝတ္တရားများကို ဆောင်ရွက်နေကြသူများမှာ ဆရာများသာ ဖြစ်ကြသည်။ ဆရာအဖြစ် အသက်မွေးမှုကိုပင် ရှေးဆရာတို့က မွန်မြတ်သော အသက်မွေးမှုဟုဆိုသည်။ ဆရာဘဝသည် ကြီးကျယ်မွန်မြတ်လှပြီး ခံ့ညားထယ်ဝါလှ၏။ ဆရာဘဝကို ဂုဏ်ရည်အမြင့်ဆုံးသော ဘဝသခင်၊ ကျေးဇူးရှင် ဥယျာဉ်မှူး၊ ဘဝလမ်းကြောင်း မတိမ်းစောင်းရအောင် အမှောင်ခွင်းသည့် အလင်းရှင်၊ ဘဝပဲ့ကိုင် ဆီမီးတိုင်၊ ပန်းကိုမြတ်နိုး ပန်းပျိုးသောလက် စသည်ဖြင့် တင်စားခေါ်ဆိုကြသည်။ ဆရာ့ဂုဏ်၊ ဆရာ့ကျေးဇူး ဖော်ကျူး၍ မကုန်နိုင်ပေ။

မိမိဝါသနာအလျောက် ဆရာလောကသို့ ဝင်ရောက်ကာ တပည့်များအပေါ် မေတ္တာ၊ စေတနာထားလျက် ကိုယ်ကျိုးမဖက် တပည့်တို့အတွက် အနစ်နာခံကာ တပည့်တို့တတ်သိလိမ္မာသည့်တိုင် သွန်သင်ပြီး ကြီးလေးသောနိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသော ဆရာကောင်း၊ ဆရာမွန်၊ 'မြတ်ဆရာ'တို့၏ အရှိန်အဝါကား မည်သည့်အခါမျှ မမှိန်၊ ကမ္ဘာတည်သရွေ့၊ လူ့လောကကြီး တည်ရှိနေသရွေ့ ဆရာ့ဂုဏ်ရောင် တောက်ပြောင်နေမည်သာ ဖြစ်ကြောင်းနှင့် ဆရာအပေါင်းတို့အား ဂါရဝရှေ့ထားပြီး **'ကမ္ဘာ့ဆရာများနေ့'**ကို ဂုဏ်ပြုကြိုဆိုပါကြောင်း ရေးသားလိုက်ရပါသည်။

# သားချော ရုပ်ရှင်ဇာတ်ကား FAMILY SHOW ကို မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်



ရန်ကုန် အောက်တိုဘာ ၃

TMW ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သားချော ရုပ်ရှင်ဇာတ်ကား Family Show ကို မရမ်းကုန်းမြို့နယ်ရှိ နဝဒေး အဆင့်မြင့်ရုပ်ရှင်ရုံ၌ အောက်တိုဘာ ၂ ရက်က ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် အောင်ရဲလင်းထံမှ သိရသည်။

အဆိုပါ သားချောရုပ်ရှင် ဇာတ်ကားသည် ၁၉၇၇ ခုနှစ်က ရုံတင်ပြသခဲ့ကာ အောင်မြင်မှုများ ရရှိခဲ့ပြီး မြန်မာရုပ်ရှင်ထူးချွန်ဆု နှစ်ဆု ဆွတ်ခူးရရှိခဲ့သည့် အဖေ တစ်ခုသားတစ်ခု ရုပ်ရှင်ဇာတ်ကား ကို ပြန်လည်မွမ်းမံကာ လွင်မင်းအံ့ နှင့်မြသက်ချိုတို့က ဇာတ်ညွှန်းရေး သားထားပြီး ဒါရိုက်တာကိုဇော် (အရုဏ်ဦး) က TMW ရုပ်ရှင်ထုတ် လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"သားချောလေးနဲ့ ကျွန်တော် တို့က ဇာတ်ကားမရိုက်ခင်က တည်းက တစ်လကျော် နှစ်လ လောက် ရင်းနှီးအောင် နေထိုင် ခဲ့ကြတာမို့ သားအဖကာရိုက်တာ မိခဲ့တယ်လို့လဲ ပြောလို့ရပါတယ်။ ကျွန်တော်လဲ သူ့ကို ချစ်တယ်ဆို တော့ ကာရိုက်တာရဲ့ အချိတ် အဆက်မိတယ်လို့ ပြောလို့ရပါ တယ်။ ရုံတင်တဲ့အချိန်မှာလဲ အားပေးကြပါအုံး"ဟု သရုပ်ဆောင် အောင်ရဲလင်းက ပြောပြသည်။

သားချော ရုပ်ရှင်ဇာတ်ကား တွင် သရုပ်ဆောင်များအဖြစ် အောင်ရဲလင်း၊ ညိမ်းသော်၊ စိုးပြည့် သဇင်၊ ဥဩသံသာ၊ မနှင်း၊ ကလေး သရုပ်ဆောင်သားချောနှင့် သရုပ် ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# တာတေနှင့်ဂမ္ဘီရဖြစ်ရပ်ဆန်းများ ဇာတ်လမ်းတွဲကို အောက်တိုဘာ ၅ ရက်မှ စတင်ကာ HEY Play အပလီကေးရှင်းနှင့် YouTube Channel တို့မှ ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်

ရန်ကုန် အောက်တိုဘာ ၃

HEY Play အပလီကေးရှင်းနှင့် HEY Play YouTube Channelတို့မှ တာတေနှင့်ဂမ္ဘီရဖြစ်ရပ်ဆန်းများ ဇာတ်လမ်းတွဲကို အောက်တိုဘာ ၅ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ် ကြောင်း ဒါရိုက်တာ သီဟမင်းညီ ထံမှ သိရသည်။

အဆိုပါ တာတေနှင့်ဂမ္ဘီရဖြစ် ရပ်ဆန်းများ ဇာတ်လမ်းတွဲသည် စာရေးဆရာ တာတေ၏ ဝတ္ထု ဇာတ်လမ်းကို လွင်အေမ်းက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက် တာ သီဟမင်းညီက တာဝန်ယူ ပုံဖော် ရိုက်ကူးထားခြင်းဖြစ် ကြောင်း သိရသည်။




"မှန်တစ်ချပ်ရဲ့ နောက်ကွယ် မှာ လူ့လောကနဲ့မတူတဲ့ ကမ္ဘာ တစ်ခုရှိနေမယ်ဆိုရင် အတိတ်ရဲ့ လျှို့ဝှက်ချက်တွေ၊ မမျှော်လင့်ထား တဲ့ ဂမ္ဘီရဆန်ဆန် အဖြစ်အပျက် တွေက ဘာတွေဖြစ်မလဲ။ တာတေ က ဘယ်လိုလျှို့ဝှက်ချက်တွေကို စွန့်စားဖော်ထုတ်သွားမလဲဆိုတာ တာတေနှင့်ဂမ္ဘီရဖြစ်ရပ်ဆန်းများ ဇာတ်လမ်းတွဲကို စောင့်ကြည့် အားပေးကြပါအုံး"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

တာတေနှင့်ဂမ္ဘီရဖြစ်ရပ်ဆန်း များ ဇာတ်လမ်းတွဲတွင် သရုပ် ဆောင်များအဖြစ် သက်ခိုင်၊ မင်းသူ ကျော်ဇောဟိန်း၊ မာဓိသက်၊ သတ္တိ၊ ဒေါင်းဝေ၊ ထူးခြား၊ သူရ၊ ပွင့်နဒီ မောင်၊ ခင်စိုးပိုင်၊ မျှုးသခင်၊ မိုခမ်း၊ ဝါဝါမေမောင်နှင့် အနုပညာရှင် များစွာ ပါဝင်ထားကြောင်း၊ အဆို ပါဇာတ်လမ်းတွဲကိုအောက်တိုဘာ ၅ ရက်မှ စတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ HEY Play အပလီကေးရှင်းတွင် နံနက် ၁၀ နာရီနှင့် HEY Play You-Tube Channel မှာ ည ၇နာရီ အချိန် တွင် ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# ပြန်မပြောရ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ အောက်တိုဘာ ၁၈ ရက်တွင် ထုတ်လွှင့်တင်ဆက်သွားမည်

ရန်ကုန် အောက်တိုဘာ ၃

CANAL+ အခပေး ရုပ်သံလိုင်း မှ ပြန်မပြောရ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ အောက်တို ဘာ ၁၈ ရက်တွင် ထုတ်လွှင့် တင်ဆက်သွားမည် ဖြစ်ကြောင်း ဒါရိုက်တာ Lucius Wayne ထံမှ သိရသည်။

အဆိုပါ ပြန်မပြောရ ရုပ်ရှင် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို Lucius Wayne က ရေးသားရေးညွှန်းထားပြီး DUET PICTURES ရုပ်ရှင် ထုတ်လုပ်ရေး အတွက် Lucius Wayne ကပင် ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူး ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ၂၀၂၆ ခုနှစ် နိုဝင်ဘာက ရုံတင်ပြသထားတဲ့ ဇာတ်ကားလဲ ဖြစ်ပါတယ်။ လူငယ် တွေချည်း အဓိကကြိုးစားထားတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ ဒီရုပ်ရှင်က ဇာတ်လမ်းသုံးခုကို ကျောရိုးတစ်ခု တည်းနဲ့ ဖန်တီးထားပါတယ်။ ဇာတ်လမ်းသုံးခု၊ ရသသုံးမျိုးခံစား ရမှာပါ။ CANAL+ ZAT LENN Channel က ထုတ်လွှင့်တဲ့အခါ ခံစားကြည့်ရှုကြပါအုံး" ဟု ဒါရိုက် တာ Lucius Wayne က ပြောပြသည်။

အဆိုပါ ပြန်မပြောရ ရုပ်ရှင် ဇာတ်ကားတွင် သရုပ်ဆောင်များ အဖြစ် အောင်ရဲထိုက်၊ ရာဇာနေ ဝင်း၊ မေတိုးခိုင်၊ စိုးမိုးကြည်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထား ပြီး CANAL+ ZAT LENN Channel မှ အောက်တိုဘာ ၁၈ ရက် တနင်္ဂနွေနေ့ ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပေးမည်ဖြစ် ကြောင်း သိရသည်။ ASH

# ဝါနာဘရားသား၏ The Flood ဇာတ်ကား၌ မင်းသမီး ဂျင်နီဖာလောရင့် ပါဝင်မည်

နယူးယောက် အောက်တိုဘာ ၃

ဝါနာဘရားသား ကုမ္ပဏီ၏ The Flood အမည်ရှိ ရုပ်ရှင်ဇာတ် ကားသစ်တွင် အော်စကာဆုရှင် မင်းသမီး ဂျင်နီဖာလောရင့် ပါဝင် သရုပ်ဆောင်မည် ဖြစ်ကြောင်း အောက်တိုဘာ ၂ ရက် သတင်းများ တွင် ရေးသားဖော်ပြထားသည်။

The Flood ဇာတ်ကားသည် သိပ္ပံပညာ လျှို့ဝှက်သည်းဖိုဇာတ် ကားအမျိုးအစား ဖြစ်ကြောင်း ဟောလီးဝုဒ်ရုပ်ရှင်လောကသတင်း ရင်းမြစ်များမှ သိရသည်။

The Flood ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဇက်ဖရက် ဂျာက တာဝန်ယူရိုက်ကူးမည်ဖြစ် ကြောင်း သိရသည်။

ထို့ပြင် The Flood ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ဇက်ဖရက်ဂျာကပင် တာဝန်ယူ ရေးသားပေးမည်ဖြစ် ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Flood ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဝါနာဘရားသား ကုမ္ပဏီက ကြေညာခြင်းမရှိသေး ကြောင်း သိရသည်။

သို့ရာတွင် ၎င်းဇာတ်ကားကို ၂၀၂၈ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသား ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# Both Sides Now အချစ်ဟာသဇာတ်ကား၌ လော်ရန်ကိုဟန်နှင့် ဂျိတ်အပ်စတိန်းတို့ ပါဝင်ထား

နယူးယောက် အောက်တိုဘာ ၃

Both Sides Now အမည်ရှိ အချစ်ဟာသ ရုပ်ရှင်ဇာတ်ကား သစ်တွင် မင်းသမီး လော်ရန်ကိုဟန် နှင့် မင်းသား ဂျိတ်အပ်စတိန်းတို့ ပါဝင် သရုပ်ဆောင်နေကြောင်း အောက်တိုဘာ ၂ ရက် သတင်းများ အရ သိရသည်။

Both Sides Now ဇာတ်ကား သည် သူငယ်ချင်းတစ်ဦး၏ မင်္ဂလာ ပွဲတက်ရောက်ရန် နွေရာသီအပန်း ဖြေစခန်းတစ်ခုသို့ သွားရောက် ခဲ့ကြသည့် ငယ်သူငယ်ချင်းတစ်စု ၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် အချစ်ဒရာမာဇာတ် ကားဖြစ်သည်။

Both Sides Now ဇာတ်ကား ကို ရုပ်ရှင်မင်းသား ဒါရိုက်တာ အားရစ်စတိုးက တာဝန်ယူရိုက်ကူး မည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထု ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဟီလေလပ်စတစ်က ၎င်း၏ဘဝ ဖြစ်ရပ်မှန်အတွေ့အကြုံကို အခြေခံ ၍ ရေးသားပေးမည်ဖြစ်သည်။

Both Sides Now အချစ်ဒရာ မာဇာတ်ကားတွင် မူရင်းဇာတ်ဝင် သီချင်းခြောက်ပုဒ်ထိ ပါဝင်မည် ဖြစ်ကြောင်း သိရသည်။

Both Sides Now ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို စက်တင်ဘာ ၁၉ ရက်တွင် ကနေဒါ နိုင်ငံ အွန်တေရီယိုပြည်နယ်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# President of the Republic of the Union of Myanmar U Min Aung Hlaing inspects undertakings for the development Nay Pyi Taw, Union Territory, in accordance with urban characteristics





President U Min Aung Hlaing inspects the Nay Pyi Taw People's Square construction project site.

**Nay Pyi Taw October 3**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Vice President U Nyo Saw, Union Ministers U Khin Maung Yi and U Myo Thant, Nay Pyi Taw Council Chairman U Kan Myint Than, deputy ministers, and officials, inspected the undertakings for the development of Nay Pyi Taw, Union Territory, in accordance with urban characteristics this morning.

**Nay Pyi Taw People's Square construction project**

The President arrived at the Nay Pyi Taw People's Square construction project site together with the members of his entourage. At the briefing hall, the Nay Pyi Taw Council chairman and Union Minister for Construction U Myo Thant reported on the undertakings to develop the People's Square into a modern, multi-purpose public space aligned with urban features for public recreation and relaxation, to erect statues of renowned persons and carve embossed marble figures around the square, to build gardens, walkways, entertainment square, shophouses, and other necessary buildings in the People's Square, and to erect a building that houses a clocktower and that meets the urban standard.

Regarding the report, the President spoke of the need to plan and implement comprehensive development from all angles to transform the Nay Pyi Taw Union Territory into a modern, fully-developed city that aligns with urban characteristics. The President said modernity and quality must be taken into account in carrying out construction activities, and systematic undertakings are required to complete the project in time. Constant maintenance of the square is required for its durability.

Afterward, the President looked around the construction site.

**Construction of railway overpass on Shwepyi Tawwin entrance road and a new entrance road to Nay Pyi Taw Airport**

The President proceeded to the Nay Pyi Taw-Taungdwingyi railway overpass project and Yangon-Mandalay railway overpass project. At the briefing hall, he heard a report on progress of work, presented by an official.

In response, the President said calculations must be made on the possible figures of traffic and pedestrians in the future in erecting the railway overpasses, and a master plan must be drawn to upgrade the them when needed. Officials must supervise the projects to ensure that the overpasses meet the standard durability and can withstand earthquakes, and to complete within the set time. All the roads in Nay Pyi Taw, Union Territory, must meet the required standard and Nay Pyi Taw must be upgraded continuously for the capital to always meet the urban characteristics. He then looked into other requirements and look around the construction sites.



President U Min Aung Hlaing inspects the Yangon-Mandalay railway overpass project site.

The President observed the activities to beautify the Shwepyi Tawwin road and to plant windbreakers and shade trees along the facility in a motorcade.

The President inspected construction of the new Nay Pyi Taw Airport entrance road and Witkamu and Yonbinchaung bridges on the road. Officials presented a report on progress of work.

In response, the President pointed out the need to build the entrance road and the bridges in accord with the set standards and to ensure proper flow of water in Yonbin creek. He said windbreakers, shade trees and evergreen trees must be planted on both sides of the road.

**The construction site of Nay Pyi Taw Gate**

Then, the President and party inspected the construction site of Nay Pyi Taw Gate on Yazathingaha Road and heard reports on construction of the gate, drawing designs for upgrading the gate in line with Myanmar traditional cultural craft, landscaping and other relevant systematic implementation tasks for completion of them phase by phase submitted by the chairman of Nay Pyi Taw Council, the union minister for construction and officials at the briefing hall of the site.

After hearing the reports, the President gave instructions on the needs for its grandeur and urban features with Myanmar traditional handicraft as it is a landmark at the entrance of the capital of the country while meeting the strong earthquake-resilient standards, systematic construction of bypasses to traffic jams caused by construction works, construction of roads with the least number of angles, meeting modern landscape standards, construction of amenities for relaxing pedestrian paths and recreation for the public and other requirements.

Then, the President inspected the small scaled model of the gate and construction works and gave necessary instructions on needs reported by officials.

**The construction site of union monument**

Afterward, the President and party arrived at the construction site of the union monument and heard reports on construction tasks, implementation of instructions of the Head of State, proposed 3-D designs of the monument and landscaping works and greening tasks submitted by the union minister for construction at the briefing hall of the site.

After hearing the reports, the President said as the monument is being constructed with the aim of honoring builders of the union and national races who made concerted

*See Page 13*

# Farmers decide to grow more than 1,000 acres of wheat in KhinU Township



A thriving wheat plantation.

**KhinU October 3**

Local authorities plan to grow more than 1,000 acres of wheat in KhinU Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 winter crop season, KhinU Township plans to cultivate 1,007 acres of wheat. Wheat cultivation will be carried out from October to December this year.

"This year, we have planned to cultivate more than 1,000 acres of wheat in KhinU Township during the upcoming winter crop season. We will make efforts to ensure that the planned acreage is fully cultivated. We will conduct awareness sessions and discussions with farmers on wheat cultivation. We will provide guidance on irrigation and the application of fertilizers at appropriate rates, as well as weed control, to increase wheat yields. We will also make efforts to increase wheat production and promote the use of high-quality and pure seeds," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

During the crop-growing season in KhinU Township, measures will be taken to ensure that all winter crops are cultivated in line with the planned acreage, improve wheat yields, systematically cultivate and produce high-quality wheat, and prevent pest infestations.

Regarding wheat cultivation, the cost of cultivating one acre of wheat is approximately 300,000 kyats, while one acre produces about 21 baskets. Wheat is generally planted in October, November and December and harvested in February, March and April.

The KhinU Township Department of Agriculture will provide farmers who plan to cultivate wheat with training and agricultural awareness programs aimed at increasing yields, facilitate access to high-quality and pure seeds, and sell urea fertilizer at affordable prices.

206

# Homalin District to plant more than 1,000 acres of canola and niger this year

**Homalin October 3**

Statistics of Homalin District Agriculture Department mentioned that local farmers prepare to grow more than 1,000 acres of canola and niger in Homalin District of Sagaing Region this year.

During the 2026-2027 winter crop season, 1,846 acres of canola and niger will be cultivated in Homalin District. Cultivation will be carried out from October to December this year.

"We have planned to cultivate more than 1,000 acres of niger and canola in Homalin District. We will make efforts to ensure that the planned acreage is fully cultivated. Niger and canola are cultivated annually in the district. They are used both as sources of edible oil and for medicinal purposes," said Daw Su Su Htwe, Head of the Homalin District Department of Agriculture.

During the 2026-2027 winter crop season, the township-wise cultivation targets for canola and niger in Homalin District are 1,637 acres of canola and 160 acres of niger in Homalin Township, and 41 acres of canola and eight acres of niger in Mobailuk Township, totalling 1,846 acres.

Canola and niger cultivation in Homalin District has been expanding year by year. In Sagaing Region, Katha and Kawlin are traditionally the main areas where canola and niger are cultivated. 206

# Mingin Township to cultivate more than 16,000 acres of winter sesame

**Mingin October 3**

According to the township Agriculture Department, local authorities earmarked to cultivate more than 16,000 acres of winter sesame in Mingin Township of Sagaing Region this year.

During the 2026-2027 winter crop season, Mingin Township plans to cultivate 16,335 acres of winter sunflower. Cultivation will be carried out from October to December this year.

"We have planned to cultivate more than 16,000 acres of sunflower in Mingin Township during this year's upcoming winter crop season. We will take the necessary measures to ensure that the planned acreage is fully cultivated. We will promote the expansion of sunflower cultivation, an oilseed crop, in order to reduce reliance on imported palm oil. Sunflower produces a higher amount of oil per acre than other oilseed crops such as groundnut and sesame. Sunflower is cultivated only during the winter season," said U Shyan Oak Keim, Head of the Mingin Township Department of Agriculture.

To expand sunflower cultivation in Mingin Township, the Township Department of Agriculture will step up agricultural extension and awareness training programs. Training will also be intensified to enhance the capacity of department staff and farmers who will cultivate sunflower.

This year, arrangements have also been made to provide seeds to farmers who will cultivate sunflower in Mingin Township and to make urea fertilizers available at affordable prices. The sunflower varieties produced will also be distributed through farmer-to-farmer seed exchange systems.

206

*From Page 12*

efforts for perpetuation of the union, it calls for grandeur and meeting standards. Enabling national races people from regions and states and foreign dignitaries to pay tribute to those who deserve honor systematically at high standards must be taken into consideration and it is necessary construct places for laying bouquets. It is also necessary to combine modern architecture and Myanmar traditional culture proportionately in construction of the monument and its infrastructure. The president pointed out the needs to plant evergreen and flowering trees for greening its environs and pleasantness and gave other necessary instructions.

Then, the President inspected the construction site of the monument and gave necessary instructions on reports of officials.

MNA

# Merchants supply 46,000 viss of tilapia fish to Yangon market in september

**Labutta October 3**

Daw Tin Nwe, the owner of seafood trading depot in Labutta Township of Ayeyawady Region, said that local merchants from Labutta Township supplied 46,000 viss of tilapia fish to Yangon market in September.

During August this year, only about 40,000 viss of tilapia fish could be shipped and sold from Labutta Township to the Yangon market. However, in September this year, shipments increased to as much as 46,000 viss of tilapia. Fishery product trading depots in the area purchase locally produced aquatic products, clean and process them systematically, and then ship them to the Yangon market for sale, according to reports.

"We mainly ship and sell aquatic products from this area to the Yangon market. Demand for tilapia fish in the domestic Yangon market is strong, so we have been able to ship and sell a considerable volume. As large quantities of fish are being shipped and sold, fishery operators and traders are also benefiting. As demand for fish has increased, we have also seen fish farmers expand their production by raising more fish," said Daw Tin Nwe.

Both farmed and naturally caught tilapia fish are available in Labutta Township. Tilapia shipped from the area to the Yangon market is currently fetching up to K18,500 per viss.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# စက်တင်ဘာ ၂၁ ရက် မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ဆန်စပါးအခြေခံထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရောင်းချရေး လုပ်ငန်းစီမံချက်(၂၀၂၆-၂၀၃၀) စာတမ်းကောက်နုတ်ချက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)နှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ကိုယ်စား ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀–၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငါးနှစ်စီမံကိန်းတစ်ခုကို အဆိုပြုတင်ပြအပ်ပါသည်။

ဤစီမံကိန်းသည် စပါးမျိုးစေ့ထုတ်လုပ်ခြင်း၊ စပါးစိုက်ပျိုးခြင်းတို့မှသည် ကုန်ချောထုတ်လုပ်ခြင်း၊ ပြည်တွင်းဖြန့်ဖြူးခြင်းနှင့် ပို့ကုန်တင်ပို့ခြင်းအထိ ဆန်စပါးလုပ်ငန်းကွင်းဆက်အားလုံး ပါဝင်မည်ဖြစ်ပါသည်။

စီမံကိန်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးရေးထွက်ကုန်များကို အကျိုးရှိစွာ အသုံးပြုပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုကဏ္ဍတစ်ခု တည်ဆောက်လျက် တောင်သူများ၏လူနေမှုဘဝကို မြှင့်တင်ရန်ဖြစ်ပါသည်။

အဆိုပါ စိုက်ပျိုးရေးကဏ္ဍ ကွင်းဆက်တစ်လျှောက် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ပုဂ္ဂလိကလုပ်ငန်းများက ဦးဆောင်ရမည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများတွင် အစိုးရ၏ မူဝါဒများ၊ အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ (PPPs) ဖြင့် ပံ့ပိုးကူညီပေးရမည်ဖြစ်ပါသည်။

**ရည်မှန်းချက်များနှင့် ၂၀၃၁ ပို့ကုန်လျာထားချက်**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၃၀–၂၀၃၁ ဘဏ္ဍာရေးနှစ်တွင် ဆန်နှင့် ဆန်ကွဲတန်ချိန် လေးသန်း တင်ပို့နိုင်ရန်နှင့် တစ်ဆက်တည်းမှာပင် လယ်ယာထုတ်လုပ်မှုစွမ်းအားနှင့် တောင်သူများ၏ အသားတင်ဝင်ငွေကို ပိုမိုမြင့်မားလာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အရည်အသွေးမြင့်ဆန်များ၊ ဆန်နှင့် ဆန်ကွဲမှ ထုတ်လုပ်ထားသော အစားအစာများ (Value added)၊ ဖွဲနု၊ စားသုံးဆီ၊ အခြားဘေးထွက်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ပြီး လယ်ယာကဏ္ဍထုတ်ကုန်များ တန်ဖိုးနှင့်ပမာဏကို တိုးတက်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် အစိုးရတို့သည် ၂၀၂၆ ခုနှစ်၏ အခြေခံစံနှုန်းများ (Baseline) နှင့် ထုတ်လုပ်မှုနှုန်း၊ ထုတ်လုပ်မှုစရိတ်၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများနှင့် ပို့ကုန်ဝင်ငွေများအတွက် နှစ်စဉ်လျာထားချက်များကို အတည်ပြုသတ်မှတ်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်း၌ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် သက်သာသော ဈေးနှုန်းဖြင့် ဆန်ရရှိရေးတို့သည်လည်း ဤစီမံကိန်း၏ အဓိကသော့ချက်အဖြစ် တည်ရှိနေပါသည်။

**ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ**

ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ (REZ)သည် တောင်သူများ၊ စက်ပိုင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များ သဘောတူညီသတ်မှတ်ထားသော စပါးမျိုးများ၊ စိုက်ပျိုးရေးနည်းပညာများနှင့် အရည်အသွေးလိုအပ်ချက်များအတိုင်း ထုတ်လုပ်ပေးနိုင်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်သည့် ကုမ္ပဏီများသည် အာမခံချက်ရှိသော မျိုးစေ့များ၊ ရာသီအလိုက် ချေးငွေများ၊ စက်ကိရိယာဝန်ဆောင်မှုများနှင့် ခိုင်မာသော သီးနှံဝယ်ယူမှုဆိုင်ရာ စာချုပ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စိုက်ပျိုးဧရိယာ၊ သီးနှံဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းချိန် စသည်တို့ကို ခန့်မှန်းရာတွင် ဂြိုဟ်တုနည်းပညာဖြင့် စောင့်ကြည့်ခြင်း(Satellite monitoring) နှင့် AI အကူအညီသုံး အစီရင်ခံစာများကို အသုံးပြုပြီး မြေပြင်ကွင်းဆင်းစစ်ဆေးမှုများဖြင့် အတည်ပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပါဝင်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူအစုအဖွဲ့များကို ညှိနှိုင်းပေးရမည်ဖြစ်ပြီး အစိုးရနှင့် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ထားရှိသည့် တာဝန်ရှိသူများက တိုးချဲ့ပညာပေးရေးဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးကို ကူညီပံ့ပိုးပေးခြင်းဖြင့် ထုတ်လုပ်မှုတိုးတက်လာခြင်းမှတစ်ဆင့် တောင်သူများ၏ ဝင်ငွေများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

**ပြည်တွင်းအရည်အသွေးမြင့်**
**မျိုးစေ့ထုတ်လုပ်ခြင်း**

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီပြီး နိုင်ငံတကာတွင် စံချိန်စံညွှန်း အသိအမှတ်ပြုထားသော မျိုးကွဲများနှင့် မျိုးဗီဇများကို အသုံးပြု၍ အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်း မျိုးစေ့များကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်သင့်ပါသည်။ မျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးခြင်းမပြုမီ အထွက်နှုန်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ စပါးအရည်အသွေး၊ ဆန်အရည်အသွေးနှင့် ဝယ်ယူသူများ ကြိုက်နှစ်သက်မှုတို့ကို ဒေသတွင်း စမ်းသပ်စိုက်ပျိုးမှုများဖြင့် ဆန်းစစ်ရမည်ဖြစ်ပါသည်။

အစိုးရသုတေသနအဖွဲ့အစည်းများက မျိုးသန့်မျိုးစေ့နှင့် မိဘမျိုးစေ့များ (Breeder & Foundation Seed) ထောက်ပံ့မှုနှင့် အသိအမှတ်ပြုခြင်းတို့ကို အားကောင်းအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ် တောင်သူလယ်သမားအစုအဖွဲ့များက စံချိန်မီမျိုးစေ့များကို တိုးပွားထုတ်လုပ်ဖြန့်ဖြူးပေးရမည်ဖြစ်ပါသည်။ အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မျိုးစေ့လုပ်ငန်းများတွင် သုတေသနဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။

ပေါ်ဆန်းစပါး မျိုးသန့်စင်မှုနှင့် အခြားအဆင့်မြင့် မြန်မာ့စပါးမျိုးများကိုလည်း ဤစီမံကိန်းတစ်လျှောက်လုံး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးနိုင်ရေးနှင့် မျိုးထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**လယ်ယာမြေပြင်ခြင်းနှင့် စဉ်ဆက်မပြတ်**
**တည်ငြိမ်သည့်စိုက်ပျိုးရေး**

ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ (REZ) ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူများ၏ ဆန္ဒအလျောက် မြေကွက်များ ပေါင်းစည်းခြင်း သို့မဟုတ် အနီးစပ်ဆုံး လယ်ကွက်များအား စနစ်တကျ ပူးပေါင်းစိုက်ပျိုးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တောင်သူများ ပါဝင်ဆောင်ရွက်မှုနှင့် ဥပဒေကြောင်းအရ လယ်ယာမြေ အကျိုးခံစားခွင့်များကို အကာအကွယ်ပေးရမည်ဖြစ်ပါသည်။

> **“ ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ (REZ) ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူများ၏ ဆန္ဒအလျောက် မြေကွက်များပေါင်းစည်းခြင်း သို့မဟုတ် အနီးစပ်ဆုံးလယ်ကွက်များအား စနစ်တကျ ပူးပေါင်းစိုက်ပျိုးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တောင်သူများပါဝင်ဆောင်ရွက်မှုနှင့် ဥပဒေကြောင်းအရ လယ်ယာမြေ အကျိုးခံစားခွင့်များကို အကာအကွယ်ပေးရမည် ”**

မြေပြင်ညီညာအောင်ပြုလုပ်ခြင်း၊ လယ်ယာကုန်ထုတ်လမ်းများပြုပြင်ခြင်း၊ ကန်သင်းများအဆင့်မြှင့်တင်ခြင်း၊ ရေသွင်း/ရေထုတ်စနစ်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို အကျိုးရှိစွာ သုံးစွဲနိုင်စေရန်နှင့် ရေထိန်းချုပ်မှုကို ပိုမိုကောင်းမွန်စေရန် ထောက်ပံ့ပေးမည်ဖြစ်သည်။ မြေညီညာပြီး ရေပေးဝေမှုသေချာစွာရရှိနိုင်သည့် နေရာများတွင် “စိုလိုက်ခြောက်လိုက် ရေသွင်းစနစ်”(AWD)ကို တောင်သူများအား သင်တန်းပေးခြင်း၊ သီးနှံအဆင့်လိုက် လမ်းညွှန်မှုများပေးခြင်းဖြင့် တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အစိုးရနှင့်အစိုးရ–ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းတို့သည် ရေသွင်း၊ ရေထုတ်မြောင်းများ/ ရေပေးဝေမှု အခြေခံအဆောက်အအုံများကို မြှင့်တင်ပေးရမည်ဖြစ်ပြီး တောင်သူများနှင့် ကုမ္ပဏီများက မြေဆီလွှာစစ်ဆေးခြင်း၊ ဓာတ်မြေသြဇာမျှတစွာသုံးစွဲခြင်းနှင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်း (IPM) စသည်တို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်းနှင့်**
**ဆန်စက်များ ခေတ်မီဆန်းသစ်ခြင်း**

သီးနှံများအထွက်နှုန်းနှင့် အရည်အသွေးအကောင်းဆုံးရရှိနိုင်သည့်အချိန်တွင် အချိန်ကိုက်ရိတ်သိမ်းခြင်း၊ စနစ်တကျ သယ်ယူပို့ဆောင်ခြင်းနှင့် စက်ကိရိယာသုံး အခြောက်ခံခြင်းတို့သည် လေလွင့်ပြုန်းတီးမှုကို လျှော့ချပေးပြီး စပါး၏ အရည်အသွေးကို ထိန်းသိမ်းပေးမည်ဖြစ်သည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် စပါး/ ဆန်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စပါး/ဆန် အဆင့်အတန်းခွဲခြားရေး၊ အစားအသောက်ဘေးကင်းရေးနှင့် စွမ်းအင်အကျိုးရှိစွာ သုံးစွဲနိုင်ရေးတို့အတွက် အမိုးအကာပါသော ဂိုဒေါင်များနှင့် သင့်တော်သော စပါး/ဆန်သိုလှောင်ရုံ(Silos)များကို အသုံးပြုသိုလှောင်၍ ဆန်စက်များကို အဆင့်မြှင့်တင်ရမည်ဖြစ်ပါသည်။ မျိုးကွဲများနှင့် အရည်အသွေးအဆင့်အတန်းအလိုက် သီးခြားစီ စီမံကိုင်တွယ်ခြင်းကို သိုလှောင်ချိန်နှင့် ပြုပြင်ထုတ်လုပ်ချိန်များတွင် စနစ်တကျ ဆက်လက်ဆောင်ရွက်ရမည်။

နိုင်ငံတော်နှင့် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းတို့သည် အများသုံးအဆောက်အအုံများ၊ နည်းပညာသင်တန်းများနှင့် လိုအပ်သော အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးရမည်ဖြစ်သည်။ ပြည်တွင်း၌ စက်ကိရိယာများ တပ်ဆင်ခြင်း၊ အပိုပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ထိန်းသိမ်းပြုပြင်ရေး ကျွမ်းကျင်မှုများသည် လုပ်ငန်းများ၏ စက်ကိရိယာများကို စိတ်ချရပြီး ဘေးကင်းစွာ လည်ပတ်နိုင်စေရန် ကူညီပေးမည်ဖြစ်သည်။

**Myanmar Rice Online မှတစ်ဆင့်**
**ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်ပုံတင်ခြင်း**

Myanmar Rice Online (MyRO) စနစ်သည် ဆန်စက်များ၊ ဆန်နှင့် စပါးဂိုဒေါင်များ၏ အချက်အလက်များ၊ ပစ္စည်းအဝင်အထွက်စာရင်းများနှင့် လက်ကျန်စာရင်းများကို တိကျစွာဖြင့် အွန်လိုင်းမှတစ်ဆင့် အတည်ပြုမှတ်ပုံတင်နိုင်ရေး ပံ့ပိုးပေးရမည်ဖြစ်သည်။ အစိုးရနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့သည် အစီရင်ခံတင်ပြမှုများကို လွယ်ကူရှင်းလင်းအောင် ပြုလုပ်ပေးရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ၏ မှတ်ပုံတင်ခြင်းကို ကူညီပေးကာ အရေးကြီးသော စီးပွားရေးဆိုင်ရာ အချက်အလက်များကို အကာအကွယ်ပေးရမည်ဖြစ်သည်။

အဆိုပါ MyRO မှ စာရင်းဇယားများသည် ဆန်/စပါးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ၏ စီမံကိန်းရေးဆွဲခြင်း၊ စိစစ်စုံစမ်းနိုင်ခြင်း(Traceability) နှင့် ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်ချက်များကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ MyRO တွင် မှတ်ပုံတင်ခြင်းသည် ဆန်/စပါးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်သူများအနေဖြင့် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများကို လွယ်ကူစွာရယူနိုင်မည်ဖြစ်သော်လည်း အချိန်ကိုက်၊ တိကျသော အချက်အလက်များနှင့် မိမိတို့ထုတ်ကုန်၏ အရည်အသွေးအတွက် မှတ်တမ်းပြုစုတင်ပြရန် တာဝန်ရှိမည်ဖြစ်ပါသည်။

**အရည်အသွေးမြင့် အမှတ်တံဆိပ်**
**ဖန်တီးခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးခြင်း**

ဆန်/စပါးလုပ်ငန်းတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းများသည် စပါး/ဆန် ဝယ်ယူခြင်းမှစ၍ လက်လီရောင်းချခြင်းအထိ တစ်သမတ်တည်းရှိသော ဆန်/စပါး အဆင့်အတန်းခွဲခြားခြင်း၊ အစားအသောက်ဘေးကင်းရေး ထိန်းချုပ်ခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် စုံစမ်းနိုင်ခြင်း (Lot traceability) တို့ကို ဆောင်ရွက်နိုင်ရန် တိကျသော မူရင်းဒေသနှင့် ထုတ်ကုန်အညွှန်းအမှတ်အသားများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အရည်အသွေးစံချိန်စံညွှန်းများကို ညှိနှိုင်းပေးရမည်ဖြစ်ပြီး သင့်တော်သော ဒေသဆိုင်ရာ အညွှန်းအမှတ်အသား (Geographical Indication) အကာအကွယ်ပေးခြင်းနှင့် စံမီထုပ်ပိုးမှုများ ပါဝင်သည့် ပေါ်ဆန်းနှင့် ဒေသတွင်း ဆန်အမှတ်တံဆိပ်များကို မြှင့်တင်ပေးရမည်ဖြစ်သည်။ လိမ်လည်ရောနှောရောင်းချခြင်းများကို တားဆီးရမည်ဖြစ်ပြီး ခွင့်ပြုထားသော ရောနှောဆန်များတွင် ကျင့်ဝတ်နှင့်ကိုက်ညီ၍ ရှင်းလင်းပြီး တာဝန်ယူမှုရှိသော အမှတ်အသားများကို တပ်ဆင်ရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးနှင့် မျှတသော ဈေးကွက်ကျင့်သုံးမှုများကို အားကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော လက်ကား၊ လက်လီနှင့် ဒီဂျစ်တယ်ဖြန့်ဖြူးရေးစနစ်များသည် ပြည်တွင်း၌ သက်သာသောဈေးနှုန်းဖြင့် ဆန်ကို စိတ်ချစွာ ဝယ်ယူရရှိနိုင်မှုကို ထိန်းသိမ်းလျက် အရည်အသွေးမြင့် ထုတ်ကုန်များကို ရောင်းချပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၅ သို့

စာမျက်နှာ ၁၄ မှအဆက်

**ဖွဲနုဆီနှင့် ဆီထုတ်ပြီးဖွဲ**

ဖွဲနုသည် စားသုံးဆီ ထုတ်လုပ်မှုအတွက် ယုံကြည်စိတ်ချရသော ကုန်ကြမ်းဖြစ်လာမည်ဖြစ်ပြီး ဆီထုတ်ပြီးဖွဲ (Defatted rice bran) မှ တစ်ဆင့် တန်ဖိုးပိုမိုထွက်ရှိသည့် အရင်းအမြစ်ဖြစ်လာရမည်ဖြစ်သည်။ စက်ပိုင်များနှင့် ထုတ်လုပ်သူများသည် ကုန်ကြမ်းထောက်ပံ့ရေးစာချုပ်များ ချုပ်ဆိုရမည်ဖြစ်ပြီး ဆီမထုတ်မီ ဖွဲသစ်များ၏ အရည်အသွေးမပျက်စီးစေရန် အချိန်ကိုက် သိမ်းဆည်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

ဆီထုတ်ယူခြင်းနှင့် သန့်စင်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် စိတ်ချရသော ကုန်ကြမ်းပမာဏနှင့် အတည်ပြုထားသော ဈေးကွက်များပေါ် အခြေခံရမည်ဖြစ်ပါသည်။ ဆီထုတ်ပြီးဖွဲသည် စနစ်တကျ ဖော်စပ်ထားသော မွေးမြူရေးနှင့် ရေလုပ်ငန်းအစာများတွင် အသုံးပြုနိုင်သည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် အခြေခံအဆောက်အအုံများ၊ ဓာတ်ခွဲစမ်းသပ်မှုများနှင့် နည်းပညာများကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

**ဆန်အခြေခံ အစားအစာများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

ထုတ်လုပ်သူများသည် ပြည်တွင်းစားသုံးသူများနှင့် ပြည်ပဝယ်ယူသူများအတွက် ဆန်မှုန့်၊ မုန့်ဖတ်၊ ခေါက်ဆွဲ၊ ကြာဆံနှင့် အခြားစီးပွားရေးအရ တွက်ခြေကိုက်သော ဆန်အခြေခံထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်ရမည်ဖြစ်ပါသည်။ အစားအသောက် ဘေးကင်းရေးနှင့် ထုတ်ကုန်စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဆန်နှင့်ဆန်ကွဲများကို စက်မှုလုပ်ငန်းများသို့ ထောက်ပံ့ပေးနိုင်ပါသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) သည် သန့်ရှင်းသော ပြုပြင်ထုတ်လုပ်မှု စက်ကိရိယာများ၊ ထုပ်ပိုးမှုနည်းပညာများ၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြန့်ဖြူးရေးမိတ်ဖက်များကို ရရှိရန် လိုအပ်ပါသည်။ အစိုးရ၏ ပံ့ပိုးမှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဖွင့်လှစ်သော ဓာတ်ခွဲခန်းများ သို့မဟုတ် အများသုံးအဆောက်အအုံများသည် ကုမ္ပဏီများအား ထုတ်ကုန်များကို စမ်းသပ်ရန်နှင့် သက်တမ်းပိုမိုကြာရှည်ခံအောင် ဆောင်ရွက်ရန် ကူညီပေးနိုင်ပြီး ပုဂ္ဂလိကလုပ်ငန်းများသည် စားသုံးသူ လိုအပ်ချက်နှင့် ကိုက်ညီသော ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

**ဇီဝမီးသွေး (Biochar) နှင့် လျှပ်စစ်ဓာတ်အားအတွက် စပါးခွံ**

စပါးခွံများကို ရရှိနိုင်သော ပမာဏနှင့် ဒေသတွင်း လိုအပ်ချက်ပေါ် မူတည်၍ ဇီဝမီးသွေးနှင့် စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများတွင် အသုံးပြုရမည်။ အသေးစား လျှပ်စစ်ဓာတ်အားစနစ်များသည် တစ်သီးပုဂ္ဂလဆန်စက်များ သို့မဟုတ် အနီးနားရှိ သုံးစွဲသူများကို ဝန်ဆောင်မှုပေးနိုင်ပြီး အလတ်စား စီမံကိန်းများသည် ဆန်ကြိတ်ခြင်းနှင့် အခြောက်ခံခြင်းတို့အတွက် အပူနှင့် လျှပ်စစ်ဓာတ်အားကို တွဲဖက်ထုတ်လုပ်နိုင်ပါသည်။ အကြီးစား စီမံကိန်းများအတွက် ဆန်စက်အမြောက်အမြားထံမှ စိတ်ချရသော စပါးခွံရရှိမှုနှင့် ခိုင်မာသော လျှပ်စစ်ဝယ်ယူသူများ လိုအပ်ပါသည်။

ဇီဝမီးသွေးထုတ်လုပ်မှုသည် စနစ်တကျပြုပြင်ထုတ်လုပ်မှု၊ အရည်အသွေးစမ်းသပ်မှုနှင့် ဒေသတွင်းမြေဆီလွှာစမ်းသပ်မှုများ လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ရှင်းလင်းသော လျှပ်စစ်ဓာတ်အားဆိုင်ရာ စီမံဆောင်ရွက်မှုများကို ပံ့ပိုးပေးရမည်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်သူများသည် ကုန်ကြမ်းရရှိရေး၊ ဝန်ထမ်းများကို သင်တန်းပေးရေးနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်းရေးဆွဲရာတွင် ပြိုင်ဆိုင်မှုရှိသော အသုံးပြုမှုများကြား စပါးခွံပမာဏကို စာရင်းနှစ်ထပ် ထပ်တွက်မိခြင်း (Double-counting) မှ ရှောင်ရှား၍ တိကျသေချာစွာ တွက်ချက်ရမည်ဖြစ်ပါသည်။

**စွန့်ပစ်ပစ္စည်းများပြန်လည်အသုံးပြုသည့် ဆန်စပါး စီးပွားရေးစနစ်**

စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုသည့် ဆန်စပါးစီးပွားရေးစနစ်သည် ဆုံးရှုံးမှုများကို တားဆီးခြင်းနှင့် သင့်တော်သော ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုခြင်းတို့ဖြင့် ဆန်စပါးကဏ္ဍကို စွန့်ပစ်ပစ္စည်း လုံးဝမရှိစေသည့် (Zero Waste) ဦးတည်ချက်သို့ သွားစေမည်ဖြစ်သည်။ ဖွဲနုသည် စားသုံးဆီနှင့် အစာပါဝင်ပစ္စည်းများကို ထောက်ပံ့ပေးနိုင်သည်။ ဆန်ကွဲသည် အစားအသောက်ပြုပြင်ထုတ်လုပ်မှုကို အထောက်အကူပြုနိုင်သည်။ စပါးခွံသည် ဇီဝမီးသွေး သို့မဟုတ် စွမ်းအင်ကို ရရှိစေသည်။ စနစ်တကျ ပြုပြင်ထားသော သင့်တော်သည့် ဇီဝစွန့်ပစ်ပစ္စည်းများသည် သဘာဝမြေသြဇာဖြစ်လာစေရန် ကူညီပေးနိုင်သည်။

လုပ်ငန်းများမှ ပြန်လည်ရရှိသော ပစ္စည်းများကို တိုင်းတာရမည်ဖြစ်ပြီး ကျန်ရှိသော စွန့်ပစ်ပစ္စည်းများကို ဘေးကင်းစွာ စီမံခန့်ခွဲရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်သူများစုပေါင်း၍ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဆန်စပါးအခြေပြု စိုက်ပျိုးရေးနှင့် စက်မှုကွန်ရက်များ**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် တည်ရှိသော ဆန်စက်များသည် ဆန်ကြိတ်ခွဲခြင်းကို ဖွဲနုဆီနှင့် အခြားစားသုံးဆီများ၊ တိရစ္ဆာန်အစာ၊ သဘာဝမြေသြဇာ၊ ဆန်မှုန့်၊ ပြောင်းဖူးမှုန့်၊ ပဲ ပြုပြင်ထုတ်လုပ်ခြင်း၊ ဆန်ခေါက်ဆွဲနှင့် ကြာဆံထုတ်လုပ်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း ကုန်ကြမ်းထောက်ပံ့မှုနှင့် လိုအပ်ချက်ကို အထောက်အပံ့ဖြစ်မည် ဖြစ်ပါသည်။ လုပ်ငန်းရှင်များ စုပေါင်းသုံးစွဲမည့် သိုလှောင်ရုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဓာတ်ခွဲခန်းများနှင့် ဖြန့်ဖြူးရေးစနစ်များသည် ပြုပြင်ထုတ်လုပ်သူများကို တောင်သူများ၊ ဝယ်ယူသူများနှင့် ချိတ်ဆက်ပေးနိုင်သည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများသည် လုပ်ငန်းဆောင်ရွက်မှုများကို ဦးဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများမှ အခြေခံအဆောက်အအုံများ၏ ကူညီပံ့ပိုးမှုဖြင့် သင့်တော်သော ဘေးထွက်ပစ္စည်းများက တိရစ္ဆာန်အစာကို ထောက်ပံ့ပေးကာ စနစ်တကျပြုပြင်ထားသော စွန့်ပစ်ပစ္စည်းများက သဘာဝမြေသြဇာဖြစ်လာအောင် ကူညီပေးရမည်ဖြစ်ပါသည်။

**ပို့ကုန်မြှင့်တင်ရေးနှင့် စိတ်ချရသော တင်ပို့ဖြန့်ဖြူးမှု**

ပို့ကုန်လုပ်ငန်းရှင်များသည် အဆင့်မြင့်ဆန်၊ ဆန်မွှေး၊ ပေါင်းဆန်နှင့် ထုပ်ပိုးပြီးဆန်တို့အတွက် ဝယ်ယူသူများကို စုံလင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အရည်အသွေးနှင့် စိတ်ချရသော စာချုပ်များကို ထိန်းသိမ်းကာ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးကို အာမခံချက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် စီးပွားရေးမြှင့်တင်မှုများနှင့် ဈေးကွက်သတင်းအချက်အလက်များကို ညှိနှိုင်းပေးရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဈေးကွက်ဝင်ရောက်နိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ လိုအပ်သော အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမှု၊ ဆိပ်ကမ်းများနှင့် ခန့်မှန်းရလွယ်ကူသော ပို့ကုန်နှင့် နိုင်ငံခြားငွေလဲလှယ်ရေး မူဝါဒများကို ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

နှစ်စဉ် ပို့ကုန်ရည်မှန်းချက်များသည် ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် လက်ကျန်စာရင်းများကို ထိခိုက်မှုမရှိစေရန် လိုအပ်ပါသည်။ ပို့ကုန်ဝင်ငွေများကို ဆန်နှင့် ဆန်ကွဲတန်ချိန်တို့နှင့်အတူ စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ဆန်/ဆန်ကွဲအခြေခံထားသော အစားအစာများနှင့် ဘေးထွက်ထွက်ကုန်များကို သီးခြားစာရင်းပြုစု တင်ပြရမည်ဖြစ်ပါသည်။

**တာဝန်ဝတ္တရားများနှင့် ဘဏ္ဍာရေးဆိုင်ရာ**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု ဦးစားပေးလုပ်ငန်းများနှင့် စက်မှုကဏ္ဍနှစ်ချုပ်အစီရင်ခံစာများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရမည်ဖြစ်ပါသည်။ ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ တောင်သူများ စာချုပ်ချုပ်ဆိုခြင်းနှင့် ဈေးကွက်များဖော်ဆောင်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် အများပြည်သူဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခန့်မှန်းရလွယ်ကူသော မူဝါဒများနှင့် ထိရောက်သော စံချိန်စံညွှန်းများကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် REZ ဝန်ဆောင်မှုများ၊ မျိုးစေ့သုတေသနနှင့် ဖြန့်ဖြူးရေးစင်တာများ၊ ဓာတ်ခွဲခန်းများ၊ MyRO နှင့် သင့်တော်သော စက်မှုအခြေခံအဆောက်အအုံများကို ရှင်းလင်းသော ပိုင်ဆိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်ရန် တာဝန်ဝတ္တရားများကို တိကျစွာ ဆောင်ရွက်ပေးသင့်ပါသည်။ ဘဏ်များသည် ရာသီအလိုက် စိုက်ပျိုးစရိတ်နှင့် ကုန်သွယ်ရေး ချေးငွေများ၊ စက်ကိရိယာများအတွက် ကာလရှည်ချေးငွေ သို့မဟုတ် နှစ်ချုပ်အငှားချခြင်းစနစ် (Leasing)များကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ဦးစားပေး စီမံကိန်းတိုင်းအတွက် တာဝန်ယူရမည့် ဦးဆောင်သူ၊ ဘတ်ဂျက်နှင့် အကောင်အထည်ဖော်မည့် အချိန်ဇယားများရှိရန် လိုအပ်ပါသည်။

**အကောင်အထည်ဖော်ခြင်းနှင့် နှစ်စဉ်ပြန်လည်သုံးသပ်ခြင်း**

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် အစိုးရတို့သည် အခြေခံ စံချိန်စံနှုန်းများကို အတည်ပြုခြင်း၊ REZ ဧရိယာများကို သတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အားကောင်းအောင်လုပ်ဆောင်ခြင်းနှင့် တောင်သူများနှင့်အတူ တောင်သူအကျိုးပြု စီမံကိန်းတစ်ရပ် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၂၇-၂၀၂၈ နှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တို့တွင် အရည်အသွေးကောင်း မျိုးစေ့များနှင့် AWD ကဲ့သို့ သင့်တော်သော စိုက်ပျိုးနည်းစနစ်များကို တိုးချဲ့ခြင်း ဆောင်ရွက်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၂၉-၂၀၃၀ နှင့် ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်တို့တွင် အောင်မြင်ပြီးသော လုပ်ငန်းများကို အရှိန်အဟုန်မြှင့် တိုးချဲ့ခြင်းနှင့် အမှတ်တံဆိပ်ပါ ပို့ကုန်များကို အားကောင်းအောင် ဆောင်ရွက်ခြင်းတို့အပေါ် အဓိကထားရမည်ဖြစ်ပါသည်။

တောင်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဘဏ္ဍာရေးဆိုင်ရာ မိတ်ဖက်များနှင့်အတူ နှစ်စဉ် လုပ်ငန်းပြန်လည်သုံးသပ်မှုများ ပြုလုပ်၍ ဝင်ငွေ၊ ထုတ်လုပ်မှု စွမ်းအား၊ ဆုံးရှုံးမှုများ၊ တန်ဖိုးမြှင့်တင်မှုများနှင့် ပို့ကုန်များကို ဆန်းစစ်ရမည်ဖြစ်ပြီး ရလဒ်များအပေါ်မူတည်၍ လိုအပ်ချက်ရှိသည့် နေရာများတွင် လုပ်ဆောင်ချက်များကို ပြန်လည်ပြင်ဆင်ရမည်ဖြစ်ပါသည်။

**နိဂုံး**

လုပ်ငန်းအောင်မြင်မှုများသည် တောင်သူများအတွက် ပိုမိုကောင်းမွန်သော လူနေမှုဘဝကို ဆောင်ကြဉ်းပေးမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ရှင်းလင်းသောမူဝါဒများနှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပုဂ္ဂလိက ကဏ္ဍတို့သည် ဈေးကွက်ထိုးဖောက်မှု အားကောင်းစေရန်နှင့် အရည်အသွေးကောင်းစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၂၆-၂၀၃၁ စီမံကိန်းကို စနစ်တကျ ပူးပေါင်း အကောင်အထည်ဖော်ရန်နှင့် ရလဒ်များမျှဝေရန် အတွက် အတူတကွ ပူးပေါင်းတာဝန်ယူကြရန် လိုအပ်ပါသည်။ နှစ်စဉ် ဆန်နှင့် ဆန်ကွဲ တန်ချိန်လေးသန်းတင်ပို့နိုင်ရေး ရည်မှန်းချက်သည် ပြည်တွင်း စားနပ်ရိက္ခာဖူလုံစေရေးနှင့် မြန်မာ့တောင်သူ လယ်သမားအတွက် ရေရှည်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ ။

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က နေပြည်တော် ပြည်သူ့ရင်ပြင်တည်ဆောက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ နေပြည်တော်မြို့အဝင်မုခ်ဦး(Naypyitaw Gate) တည်ဆောက်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

ရှေ့ဖုံးမှအဆက်

Public Area ပြည်သူ့ရင်ပြင်တစ်ခုအဖြစ် လျာထားတည်ဆောက်ဆောင်ရွက်လျက်ရှိမှုရင်ပြင်ပတ်လည်နေရာများ၌ အထင်ကရ ပုဂ္ဂိုလ်များ၏ရုပ်တုများ၊စကျင်ကျောက်များဖြင့် ထုဆစ်ပုံဖော်ထားသည့် ရုပ်လုံးရုပ်ကြွများထည့်သွင်းတည်ဆောက်နိုင်ရေး၊ပြည်သူများ အပန်းဖြေလည်ပတ်ကြည့်ရှုအနားယူနိုင်ရန် ပန်းခြံနေရာများ၊လျှောက်လမ်းများ၊ ဖျော်ဖြေရေးရင်ပြင်နှင့် Shop House များ၊ အခြားလိုအပ်သည့်အဆောက်အအုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်ထားရှိမှု၊ ပြည်သူ့ရင်ပြင်အနီး၌ မြို့ပြအင်္ဂါရပ်နှင့်လျော်ညီသည့် နာရီစင်ပါ အဆောက်အအုံတစ်ခုတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နေပြည်တော်ကောင်စီနယ်မြေကို မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ် ပေါ်ထွန်းလာစေရေး ဘက်ပေါင်းစုံမှစဉ်းစား လျာထားဆောင်ရွက်သွားကြရန်၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ အဆင့်မီမီဖြစ်စေရေး၊ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေး

## မီးရထားလမ်းခုံးကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် လမ်းအသုံးပြုသူဦးရေနှင့် မော်တော်ယာဉ်အစီးရေတိုးတက်လာနိုင်မှုများအပေါ် ထည့်သွင်းတွက်ချက်၍ လမ်းနှင့်တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ထားရှိရန်လို . . .

စနစ်တကျဆောင်ရွက်ကြရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိစေရေး ထိန်းသိမ်းပြုပြင်ဆောင်ရွက်မှုများကိုလည်း အမြဲမပြတ်ဆောင်ရွက်သွားကြရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ရင်ပြင်အတွင်း တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

**ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ မီးရထားလမ်းခုံးကျော်တံတားများနှင့် နေပြည်တော်လေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှု**

ယင်းနောက် ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ နေပြည်တော်-တောင်တွင်းကြီး မီးရထားလမ်းခုံးကျော်တံတားနှင့် ရန်ကုန်-မန္တလေး မီးရထားလမ်းခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မီးရထားလမ်းခုံးကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို နောင်အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်မည့် လမ်းအသုံးပြုသူဦးရေနှင့် မော်တော်ယာဉ်အစီးရေတိုးတက်လာနိုင်မှုများအပေါ် ထည့်သွင်းတွက်ချက်၍ လမ်းနှင့်တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ယခုတည်ဆောက်လျက်ရှိသည့် ခုံးကျော်တံတားများ လျှောင်ဒဏ်ခံနိုင်ရေး၊ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေးနှင့် သတ်မှတ်ကာလအတွင်း အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်းများအားလုံး အဆင့်မီမီနှင့် စနစ်တကျဖြစ်စေရေး၊ မြို့ပြအင်္ဂါရပ်နှင့် လျော်ညီမှုရှိစေရေးဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေပြည်တော်ဝင်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့်လမ်းဘေးဝဲယာတစ်လျှောက်၌ အရိပ်ရလေကာပင်များစိုက်ပျိုးထားရှိမှုနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်လေဆိပ်အဝင်လမ်းသစ်ဖောက်လုပ်နေမှုနှင့် အဆိုပါလမ်းသစ်ပေါ်ရှိ ဝက္ကမူတံတားနှင့် ရိုးပင်ချောင်းတံတားတည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေမှုနှင့် တံတားတည်ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လေဆိပ်အဝင်လမ်းသစ်နှင့်တံတားများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် တည်ဆောက်နိုင်ရေးနှင့် ရိုးပင်ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်တွင် အရိပ်ရလေကာပင်များနှင့် အမြဲစိမ်းသစ်ပင်များ စိုက်ပျိုးသွားရန်လိုကြောင်းနှင့်အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**နေပြည်တော်မြို့အဝင်မုခ်ဦး(Naypyitaw Gate)တည်ဆောက်နေမှုလုပ်ငန်းခွင်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ နေပြည်တော်မြို့အဝင်မုခ်ဦး (Naypyitaw Gate) တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင် ရှင်းလင်းဆောင်၍ နေပြည်တော်ကောင်စီ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။




ပြည်ထောင်စုဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံကိုတွေ့ရစဉ်။




ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ နေပြည်တော်–တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မုခ်ဦးတည်ဆောက်ရေးလုပ်ငန်းများနှင့် မုခ်ဦးကို မြန်မာ့ယဉ်ကျေးမှုလက်ရာများနှင့်အညီ အဆင့်မီမီတည်ဆောက်နိုင်စေရေးလျာထား ဒီဇိုင်းများရေးဆွဲထားရှိမှု၊ မြေယာရှင်းလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများကို စနစ်တကျဖြင့် အဆင့်အလိုက်ပြီးစီးမှုရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံ၏မြို့တော်သို့ဝင်ရောက်ရာ အထင်ကရ အမှတ်အသားနေရာဖြစ်သည့်အတွက် မြို့ပြဂုဏ်သိက္ခာနှင့်လျော်ညီစွာ ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လိုကြောင်း၊ မုခ်ဦးအဆောက်အအုံကို မြန်မာမှုလက်ရာများဖြင့် ခမ်းခမ်းနားနားစနစ်တကျ တည်ဆောက်သွားရန်လိုသကဲ့သို့ ခိုင်ခိုင်မာမာဖြင့် ငလျင်ဒဏ်ခံနိုင်စေရေးအတွက်လည်း သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် တည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကြောင့် ယာဉ်များသွားလာမှုမပျက်စေရေးအတွက်လည်း ရှောင်ကွင်းလမ်း(By Pass)များကို စနစ်တကျဖောက်လုပ်ပေးသွားရန်လိုကြောင်းနှင့် လမ်းများကို ထောင့်ချိုးများအနည်းဆုံးဖြင့် တည်ဆောက်သွားရန်လိုကြောင်း၊ မြေယာရှင်းများကိုလည်း အဆင့်မီမီနှင့်ခေတ်နှင့် လျော်ညီသည့်ပုံစံဖြစ်စေရေး၊ ပြည်သူအများစိတ်အေးချမ်းသာစွာဖြင့် လမ်းလျှောက်ခြင်း၊ အနားယူခြင်းများဆောင်ရွက်နိုင်ရေး စနစ်တကျထည့်သွင်းတည်ဆောက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**မုခ်ဦးအဆောက်အအုံကို မြန်မာမှုလက်ရာများဖြင့် ခမ်းခမ်းနားနားစနစ်တကျ တည်ဆောက်သွားရန်လိုသကဲ့သို့ ခိုင်ခိုင်မာမာဖြင့် ငလျင်ဒဏ်ခံနိုင်စေရေးအတွက်လည်း သတ်မှတ်ချက်များနှင့်ကိုက်ညီအောင်တည်ဆောက်သွားရန်လို . . .**

**ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်းဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လို . . .**

ဆက်လက်၍ နေပြည်တော်မြို့အဝင် မုခ်ဦးပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်

ထို့နောက် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပြည်ထောင်စုဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများနှင့် မြေယာရှင်းလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်းဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက်ဂုဏ်ပြုကြသူများအနေဖြင့် အဆင့်မီမီနှင့် စနစ်တကျလာရောက်ဂုဏ်ပြုနိုင်ရေးအတွက်လည်း လျာထားဆောက်လုပ်သွားရန်လိုကြောင်း၊ ပန်းစည်းချဂုဏ်ပြုမည့်နေရာများအတွက်လည်း စနစ်တကျစီမံထည့်သွင်းသွားရန်လိုကြောင်း၊ ဗိမာန်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာ၌ မြန်မာမှုယဉ်ကျေးမှုနှင့် ခေတ်သစ်ဗိသုကာအနုပညာလက်ရာတို့ကို အချိုးညီထည့်သွင်းပေါင်းစပ်တည်ဆောက်သွားရန် လိုကြောင်း၊ ဗိမာန်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့်ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့
# ( Myanmar Parliamentary Union-MPU)
# ဒုတိယဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ



**ရန်ကုန် အောက်တိုဘာ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union– MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union– MPU) ဒုတိယဥက္ကဋ္ဌအနေဖြင့် လွှတ်တော်ချင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကဏ္ဍအသီးသီးကို သီးခြားစီ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လွှတ်တော်များပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီသက်တမ်း နုနယ်သေးသည့်အတွက် လွှတ်တော်၏လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရေးအတွက် ထိန်းသိမ်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်များသည် ဥပဒေပြုရေးမဏ္ဍိုင်စနစ်တကျ ခိုင်မာအားကောင်းစေရန်နှင့် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လွှတ်တော်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း ငါးနှစ်စီမံချက်ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ ယင်းစီမံချက်ပါ ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အဆင့်အလိုက် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များသို့လည်း မျှဝေပေးလိုပါကြောင်း၊ မိမိတို့လွှတ်တော်တွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လွှတ်တော်ကဏ္ဍလိုအပ်ချက်များကိုလည်း အားဖြည့်ကူညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် အမြဲမျက်ခြည်မပြတ် လေ့လာလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတော်အကျိုးအတွက် တက်တက်ကြွကြွ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လွဲမှားမှုမရှိစေလိုပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် ဥပဒေပြုမဏ္ဍိုင်ဖြစ်ပါကြောင်း။

ဥပဒေပြုရေးလုပ်ငန်းသည် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး လွှတ်တော်သည် နိုင်ငံသူနိုင်ငံသားများကို ဥပဒေအကာအကွယ်အောက်တွင် လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းပေးရန် စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေကို လေ့လာသုံးသပ်ပြီး ခေတ်နှင့်လျော်ညီသည့် ဥပဒေများ ပြဋ္ဌာန်းပေးရန်လိုအပ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူများက ယုံကြည်အားကိုးအားထားပြုသည့် လွှတ်တော်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံဖော်ဆောင်သည့်အနေဖြင့် လွှတ်တော်သို့ မေးခွန်းများ၊ အဆိုများတင်သွင်းသည့်အခါတွင် စာအရေးအသား၊ စကားရပ်အသုံးအနှုန်းများနှင့် ပတ်သက်၍ နိုင်ငံတော်ကတရားဝင်ဖော်ပြသည့် အသုံးအနှုန်းများဖြင့်သာ သတိပြုရေးသားပြောဆို ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ မဲဆန္ဒနယ်မြေအကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ဆန္ဒကို အသေးစိတ်သိရှိရန်လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုလိုအပ်ချက်များကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ "ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူ့တို့ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လွှတ်တော်မှဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆိုရှယ်မီဒီယာနှင့်သတင်းမီဒီယာကဏ္ဍများကိုအသုံးပြု၍ ပြည်သူများ သိရှိလာနိုင်စေရန် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးအချက်အချာကျသည့် တိုင်းဒေသကြီး ဖြစ်သည့်အလျောက် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ စိတ်ချမ်းသာစွာသွားလာနိုင်ရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့ကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံကို နားစွင့်၍ ဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၆၈ / ၂၀၂၆**
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့အရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား ယှဉ်တွဲပါပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမောင်မြင့်<br>ယဉ်ကျေးမှု၊ ဟိုတယ်နှင့်<br>ခရီးသွားလာရေးဝန်ကြီးဌာန | အလုပ်သမားဝန်ကြီးဌာန |
| (၂) | ဦးခင်မောင်စိုး<br>အလုပ်သမားဝန်ကြီးဌာန | ယဉ်ကျေးမှု၊ ဟိုတယ်နှင့်<br>ခရီးသွားလာရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



**● ဖလမ်းမြို့မှ**

အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားကြရန်၊ အစိုးရယန္တရားများ စနစ်တကျလည်ပတ်နိုင်ရန်၊ အခြေခံအဆောက်အအုံများနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအား စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ မိုးတွင်းကာလတွင် ပျက်စီးနေသည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် သွားလာရေးမြန်ဆန်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နေရပ်ပြန်ပြည်သူများ ပြန်လည်ဝင်ရောက်မှုကို စနစ်တကျစီမံဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းလိုအပ်ချက်များကို တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဖလမ်းမြို့ပြည်သူ့ဆေးရုံကြီး ယာယီဆေးရုံ၌ ပြင်ပလူနာဌာန ယာယီခွဲစိတ်ခန်းဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အင်းဝရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ





**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး တံတားဦး ခရိုင် အင်းဝရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်အတွင်း မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီး ခဲ့သည့် ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ပြန်လည် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများနှင့် အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုး ရှေးဟောင်းမြို့ရိုး ပြန်လည်ဖော်ထုတ် ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။

(အနောက်တောင်ထောင့်မှ ရန်နိမ်တံခါး ပေါက်အထိ) Phase I ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းနှင့် အတွင်းနန်းတော် တံခါးနီတံခါးပေါက်နေရာ တူးဖော် သုတေသနပြုလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့အတူ အင်းဝရှေးဟောင်း သုတေသနပြတိုက်ရှိ ပြခန်းနှင့်ပြသထားသည့်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးတွင် မန္တလေး ငလျင်ကြီးကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကိုကြည့်ရှုစစ်ဆေးပြီး အလှူငွေများ လှူဒါန်းသည်။

လောကသရဖူရုပ်ပွားတော်ကြီးသည် တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက်၊ မြေပေါ်တစ်ဝက်စိုက်ထူထုဆစ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ ၁၈ တောင် ၁ မိုက်၊ တင်ပလင်ခွေတော် အကျယ် ၁၂ တောင် ၁ မိုက်ဖြစ်ကာ အလေးချိန်အားဖြင့် ၄၉၀ ဒသမ ၃၆ တန်ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် တံတားဦးခရိုင် တံတားဦးမြို့နယ်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(တံတားဦး)ရှိ မြေ နှစ်ဧကတွင် ၄က်ပျောပင် ၁၃၆၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းစိုက်ပျိုးပေးကာ ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ ပဲခူးမြို့သို့ လေ့လာရေးခရီးသွားရောက်



**နေပြည်တော် အောက်တိုဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူ ၂၆၇ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်ကို သွားရောက် လေ့လာကြသည်။

ထို့ပြင် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီ၊ ရွှေသာလျောင်းစေတီနှင့် မဟာစေတီတို့ကို သွားရောက်ဖူးမြော်လေ့လာကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ လေ့လာရေးခရီးစဉ်ကို ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှုကို လက်တွေ့သိရှိပြီး နိုင်ငံ့တာဝန်များကို ကျရာအခန်းကဏ္ဍက တာဝန်ထမ်းဆောင်သည့်အခါ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များကို သိရှိပြန်လည်မျှဝေနိုင်ရန် ရည်ရွယ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❍ လေးမျက်နှာမြို့နယ်မှ**

မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

အဆိုပါ ဝေ၊ ဝန်မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် လေးမျက်နှာမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၌ ရေများ ပြန်လည်ကျဆင်းသွားခဲ့ပြီး ရေကြည်မြို့နယ်အတွင်း ၉ ပေ ၁၀ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၉ လက်မခန့်နှင့် ကျုံပျော်မြို့နယ်အတွင်း ၇ ပေ ၄ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။




# မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲနွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊
(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊
(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန






၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**☆ ကျောဖုံးမှအဆက်**

၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ခြောက်ဂိုး ငါးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပွဲစဉ်တစ်လျှောက် တစ်ဦးချင်း နေရာအလိုက် အကောင်းဆုံးဆုများဖြစ်သည့် အကောင်းဆုံး ကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးဆုရရှိသူများနှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့်အသင်းများ၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသည့်အသင်းများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်(ရေ)မှ အရာရှိကြီးတစ်ဦးက ပထမဆု ဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသား၊အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အမျိုးသားလှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အမျိုးသား ခတပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အားကစားသမားများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးတစ်ဦးနှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ အသီးသီး ပေးအပ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား၊ အမျိုးသမီး အုပ်စုပတ်လည် ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသားဗန်တို အတိုက်ပြိုင်ပွဲ (ခ)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ (က)တန်း၊ အမျိုးသားဓားတစ်လက် အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲ (က)တန်း၊ အမျိုးသားပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသမီးဓားတစ်လက်အတိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း သုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ ၅၆ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလို ၅၀ တန်း(က) အဆင့်၊ ၅၄ ကီလိုတန်းနှင့် ၇၁ ကီလိုတန်း အလွတ်တန်းအဆင့် ကွာတားဖိုင်နယ်ပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ ၂၀၂၆ ခုနှစ် ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)






၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)







# အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းလုပ်ငန်းပါ အလုပ်ရုံ ၂၂ ရုံအနက် အလုပ်ရုံ ၂၀ ကို အောင်မြင်စွာတပ်ဆင်စမ်းသပ်လည်ပတ်နိုင်ပြီဖြစ်



**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်၏ သံမဏိလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက များစွာအထောက်အကူပြုနိုင်ရေးအတွက် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းပါ အလုပ်ရုံ ၂၂ ရုံအနက် အလုပ်ရုံ ၂၀ ကို အောင်မြင်စွာ တပ်ဆင်စမ်းသပ်လည်ပတ်နိုင်ပြီဖြစ်ကြောင်း စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ကျန်ရှိသည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ (HRPS)နှင့် သံရည်ကျိုအလုပ်ရုံ (Romelt Shop) တို့ကို အမြန်ဆုံးစက်တပ်ဆင်လည်ပတ်ပြီး စက်ရုံတစ်ခုလုံး အပြီးသတ်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများတွင် ပါဝင်သည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS) လည်ပတ်နိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazh-promexport Co.,Ltd. (TPE)မှ နိုင်ငံခြားသားပညာရှင်များနှင့် စက်ရုံရှိ ဝန်ထမ်းများပူးပေါင်း၍ စက်ပစ္စည်းများကို စစ်ဆေးခြင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းသည် နိုင်ငံတော်အတွက် များစွာအရေးပါသည့် စီမံကိန်းဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုဆောင်ရွက်လျက်ရှိသည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS) တပ်ဆင်လည်ပတ်ပြီးပါက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်မျှော်မှန်းတွက်ဆ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားရန်လိုကြောင်း၊ စက်တပ်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ဇယားများအတိုင်း ပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံရမည့်စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ဒေသန္တရအမိန့်အဖြစ် ထုတ်ပြန်ထားရှိရန် လိုအပ်ကြောင်း မှာကြားသည်။

စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS)၏ စက်တပ်ဆင်ခြင်းလုပ်ငန်းများပြီးစီး၍ လည်ပတ်နိုင်ပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၃၂ မဂ္ဂါဝပ်ကို စက်ရုံတွင် ပြန်လည်အသုံးပြု၍ ပိုလျှံသောလျှပ်စစ်ဓာတ်အား ၈ မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

### ❖ ပြန်လည်ဖွင့်လှစ်မှ

တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ခဲ့သဖြင့် အခြေခံပညာကျောင်းများ ယာယီပိတ်ထားခဲ့ရာ ယခုအခါရေပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရသည်။

လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပံ့ပိုးပေးသည်။

ကြည့်ရှုစဉ် ရေပြန်လည်ကျဆင်းပြီဖြစ်သဖြင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများ ပုံမှန်အတိုင်း ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း၊ ရေကျော်စီးဝင်ပြီး စာသင်ကျောင်းများ ယာယီပိတ်ထားခဲ့ရသောကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ခန်းစာများ နောက်ကျမှု မရှိစေရေးနှင့် ပြန်လည်အစားထိုးသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း အားပေးစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စခန်းသွင်းသင်ကြားပေးနေသည့် တက္ကသိုလ်ဝင်တန်းကျောင်းသား၊ ကျောင်းသူများအတွက် နေ့လယ်စာ ချက်ပြုတ်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံဆွေးနွေးကာ အိုင်သပြုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရေသန့်စက်၊ ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်သည်။

ယမန်နေ့ကလည်း ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာတွင် ကျင်းပခဲ့သည့် ရေလွှမ်းဒေသရှိ မိုးစပါးပြန်လည်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ၊ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက်ရှိ အုတ်ပုံရိုး ရေထွက်မြောင်းတိုးချဲ့ဆောင်ရွက်နေမှု၊ ရေပြန်လည်ကျဆင်းသဖြင့် ငါးသိုင်းချောင်းမြို့ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်မှုနှင့် ရွှေဘိုရပ်ကွက် ဘုရားကြီးကျောင်းတိုက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ငါးသိုင်းချောင်းမြို့ ကြပ်ကွင်းကျေးရွာတွင် စပါးပြန်လည်စိုက်ပျိုးမည့် လယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ရှမ်းရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနေမှု၊ အိုင်သပြုကျေးရွာတွင် စပါးသီးနှံပြန်လည်စိုက်ပျိုးမည့်လယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော စပါးစိုက်တောင်သူများအတွက် စပါးမျိုးစေ့များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ လေးမျက်နှာမြို့အတွင်း ရေများမကျန်ရှိစေရေးအတွက် မြို့ပတ်တာတွင် ရေမြောင်းတူးဖော်၍ ရေဖောက်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လေးမျက်နှာမြို့ အမှတ်(၄) ရပ်ကွက်ရှိ အောင်မင်္ဂလာဈေး ရောင်းဝယ်ဖောက်ကားနေမှု၊ လေးမျက်နှာမြို့ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

### ■ နဂါးလှေလှော်ပြိုင်ပွဲမှ

တတိယနေရာမှ ပန်းဝင်နိုင်ခဲ့သည့်အတွက် ကြေးတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုကို ရုရှားအသင်းကပင် ဆွတ်ခူးနိုင်ခဲ့ပြီး ဒုတိယငွေတံဆိပ်ဆုကို ဟန်ဂေရီနိုင်ငံက ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး မီတာ ၂၀၀၀ အမျိုးသား ရှစ်တက်လှော်ပြိုင်ပွဲတွင်လည်း မြန်မာ့လက်ရွေးစင် လှေလှော်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယနေရာမှ ပန်းဝင်နိုင်ခဲ့ပြီး ကြေးတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ကာ အဆိုပါပြိုင်ပွဲတွင် ရုရှားနိုင်ငံက ရွှေတံဆိပ်ဆုနှင့် စပိန်နိုင်ငံက ကြေးတံဆိပ်ဆုများ အသီးသီးဆွတ်ခူးနိုင်ခဲ့ကြကြောင်း သိရသည်။

STA

---

### ❑ စွယ်တော်မြတ်စေတီတော်မှ

ပထမဆုံးမီးပုံးပျံ လွှတ်တင်ပူဇော်ပွဲကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

"တာဝတိံသာနတ်ပြည်မှာရှိတဲ့ စူဠာမဏိစေတီတော်ကို မီးပုံးပျံလွှတ်တင်ပူဇော်တာဖြစ်ပြီး ဗုဒ္ဓဘာသာမြန်မာလူမျိုးရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ဖော်ကြူးပြသတာလည်းဖြစ်ပါတယ်။ စိန်နားပန်းမီးပုံးပျံ ငါးလုံးနဲ့ ညမီးကျည်မီးပုံးပျံ တစ်လုံးကို သီတင်းကျွတ်လဆန်း ၁၄ ရက်နဲ့ လပြည့်ညမှာ လွှတ်တင်ပူဇော်သွားမှာပါ။ ရင်ပြင်တော်မှာ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနဲ့အတူ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို လာရောက်ကုသိုလ်ယူ ပူဇော်နိုင်ပါတယ်"ဟု စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းယုက ပြောသည်။

စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် သီတင်းကျွတ်ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ၊ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ပွဲတို့ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလေ့ရှိပြီး ယခုနှစ် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ည ၇ နာရီခန့်တွင် စတင်ကျင်းပသွားမည် ဖြစ်ကြောင်း၊ စိန်နားပန်းမီးပုံးပျံမှာ အမြင့် ၁၈ ပေ၊ အချင်း ပေ ၂၀ ကုန်ကျမှု ငွေကျပ် သိန်း ၇၀၊ ညမီးကျည်မီးပုံးပျံမှာ အမြင့် ၂၂ ပေ၊ အချင်း ၂၂ ပေ ကုန်ကျမှု ငွေကျပ် သိန်း ၁၅၀ ရှိပြီး အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် လွှတ်တင်ပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးကျော်**

---

### ◆ တနင်္သာရီတိုင်းဒေသကြီးမှ

ပြိုကျနေသောမြေကြီးများ ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပါဝင်သော ကူညီကယ်ဆယ်ရေး ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့မှ စတင်ထွက်ခွာခဲ့ရာ ထားဝယ်-လောင်းလုံးမြို့ လမ်းတစ်လျှောက်ရှိ လမ်းပေါ်သို့ပြိုကျနေသောမြေကြီးများကို စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်နေသောအမှိုက်များကို ရှင်းလင်းပေးခြင်း၊ လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ပြည်ကြီးတံခွန်မြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၃**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို အဆိုပါရပ်ကွက်ရှိ ဝေဘာလီကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၃ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၂၇ ပါးနှင့် ဒေသခံပြည်သူ ၆၁ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဖြဝ)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို လေ့လာသိရှိနိုင်စေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့ အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများ သိရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း (ရတနာဒီပ)နှင့် အဝိရောင်မျိုးဆက်သစ်မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း(YGW)၊ ဇဗ္ဗူသီရိမြို့နယ်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း(N.E.G) တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြကာ အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။ ထို့နောက် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကို လည်း အခုလိုပဲကြားသိခဲ့ရပါတယ်–

“ဒီကိုလာရတဲ့ ရည်ရွယ်ချက်ကတော့ ကလေးတွေသမိုင်းကြောင်းနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်မှာခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့တဲ့ နိုင်ငံတော် အကြီးအကဲတွေရဲ့ နိုင်ငံ့အကျိုးကို သယ်ပိုးခဲ့ကြတဲ့ သမိုင်းဝင်ဖြစ်ရပ်တွေကို ကလေးတွေ ပြင်ပဗဟုသုတတွေပိုပြီး ရအောင် စာတွေ့ရော လက်တွေ့တွေရော လာပြီးတော့ပြသခြင်းဖြစ်ပါတယ်။ကလေးတွေက ပုံမှန်ဆိုလို့ရှိရင် စာထဲမှာပဲ



သင်ကြားရတယ်။ သမိုင်းကြောင်းတွေကို မျက်ဝါးထင်ထင် မမြင်ရဘူးပေါ့။ အခုလိုမျိုး ပြင်ပဗဟုသုတအနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့် ပေးတဲ့အတွက်ကြောင့် သမိုင်းကြောင်းနဲ့ ပတ်သက်တဲ့အရာတွေကို မျက်ဝါးထင်ထင်လဲမြင်ရပါတယ်။ စာထဲမှာထက် ပိုပြီးတော့ကျယ်ပြန့်တဲ့ ဗဟုသုတတွေ အသိအမြင်တွေ ပိုရပါတယ်။ အခုလိုလိုက်ပါ ပို့ဆောင်ပေးတဲ့ အတွက်ကြောင့်မို့လို့ တပ်မတော်ဘက်က တာဝန်ရှိပုဂ္ဂိုလ်တွေရော ပြီးတော့ ဒီပြတိုက်မှာ လိုက်လံပြီးတော့ ရှင်းပြပေးတဲ့သူတွေ အားလုံးကိုလဲ ကျေးဇူးတင်ပါတယ်”ဟုပြောသည်။

“အခု ကျွန်တော်ကတော့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေကို လေ့လာခဲ့ပြီးပါပြီ။ ရေတပ်မှာဆိုလို့ရှိရင် သင်္ဘောတွေအကြောင်းကို လေ့လာခဲ့တယ်။ လေတပ်မှာဆိုရင် လေယာဉ်တွေအကြောင်းနဲ့၊ ရှေးခေတ်တုန်းကသုံးခဲ့တဲ့ စစ်လေယာဉ်တွေကို လေ့လာခဲ့ပါတယ်။ ကြည်းတပ်မှာဆိုရင်တော့ သေနတ်တွေအကြောင်းနဲ့ ရှေးတုန်းက စစ်ပွဲမှာသုံးခဲ့တဲ့ သေနတ်တွေကို လေ့လာခဲ့ပါတယ်။ ကျွန်တော်ကတော့ အခုလေ့လာတဲ့အပိုင်းတွေမှာဆိုရင် လေတပ်ကိုပိုကြိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက သုံးခဲ့တဲ့ လေတပ်တွေမှာဆိုရင် ဒီလိုမျိုး ဗုံးကြဲတဲ့ပုံစံတွေ အဲ့ဒီလေတပ်မှာသုံးတဲ့



ဗုံးပုံစံတွေကို ကျွန်တော်နှစ်သက်ပါတယ်။ လေယာဉ် တည်ဆောက်ပုံတွေကိုလဲ နှစ်သက်ပါတယ်။ ကျွန်တော် အခုလို လေ့လာရတာ ဗဟုသုတလဲရသလို သူငယ်ချင်းနဲ့ လေ့လာရတဲ့အတွက် တအားကိုပဲပျော်ရွှင်မိပါတယ်။ အခုလို လေ့လာလို့ရအောင် လုပ်ပေးတဲ့အတွက် တာဝန်ရှိသူတွေ ဆရာ၊ ဆရာမတွေနဲ့ လူကြီးတွေအားလုံးကိုလဲ အထူးပင် ကျေးဇူးတင်ရှိပါတယ် ခင်ဗျာ”ဟု ပြောသည်။

(ဖြဝ)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# အင်ဒိုနီးရှားနိုင်ငံ လမ်ဘာတာခရိုင်ရှိ လီဝိုတိုလိုက်မီးတောင်ပေါက်ကွဲပြီး ပြာမှုန်များ ပျံ့နှံ့နေ



**ဂျကာတာ အောက်တိုဘာ ၃**

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ် လမ်ဘာတာခရိုင်ရှိ လီဝိုတိုလိုက်မီးတောင်ပေါက်ကွဲပြီး ပြာမှုန်များ ပျံ့နှံ့နေကြောင်း အင်ဒိုနီးရှား မီးတောင်ဗေဒနှင့် ဘူမိဗေဒအန္တရာယ် လျှော့ချရေးဗဟိုဌာန (PVMBG)၏ ယနေ့ ထုတ်ပြန်ချက်များအရ သိရသည်။

လီဝိုတိုလိုက်မီးတောင်သည် အောက်တိုဘာ ၂ ရက် ညပိုင်းကတည်းက ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားကာ ပြာမှုန်များ မီးတောင်ထိပ်အထက် မီတာ ၃၀၀ ခန့်ထိ ပျံ့နှံ့ခဲ့ပြီး ချော်ရည်များသည် မီးတောင်၏ အရှေ့တောင်ဘက် မီတာ ၅၀၀ ခန့်ထိ စီးဆင်းခဲ့ကြောင်း အင်ဒိုနီးရှား ဘူမိဗေဒ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားမီးတောင်ဗေဒနှင့် ဘူမိဗေဒအန္တရာယ် လျှော့ချရေး ဗဟိုဌာန (PVMBG) နှင့် ဒေသအာဏာပိုင်များက မီးတောင်၏ လှုပ်ရှားမှုအခြေအနေကို ဆက်လက်စောင့်ကြည့်ကာ မီးတောင်အနီးရှိ အန္တရာယ်ရှိသည့်ဒေသများကို ပြည်သူများနှင့် တောင်တက်ခရီးသွားများ ဝင်ရောက်ခြင်းမပြုရန်သတိပေးထားပြီး မီးတောင်ပြာများကျရောက်သည့် ဒေသများတွင်လည်း ပြင်ပသို့သွားပါက နှာခေါင်းနှင့်ပါးစပ်ကို မျက်နှာဖုံးဖြင့်ကာကွယ်သွားကြရန် တိုက်တွန်းထားကြောင်း သိရသည်။

အဆိုပါ လီဝိုတိုလိုက်မီးတောင်သည် အောက်တိုဘာ ၁ ရက်မှ ယနေ့ထိ ပေါက်ကွဲမှု ၁၈၃ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဆလိုဗက်ကီးယားနိုင်ငံတွင် အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်

**ဘရက်တစ်လာဗာ အောက်တိုဘာ ၃**

ဆလိုဗက်ကီးယားနိုင်ငံတစ်ဝန်း မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း ဆလိုဗက်ကီးယား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် ကဏ္ဍအသီးသီးတွင် ကြီးမားသော ရိုက်ခတ်မှုဖြင့် ရင်ဆိုင်နေရပြီး အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ မိုးခေါင်မှုကြောင့် ဆောင်းရာသီတွင် ရိတ်သိမ်းရမည့် ကောက်ပဲသီးနှံများ အထွက်နှုန်း လျော့ကျဖွယ်ရှိကြောင်း၊ မိုးခေါင်မှုကြောင့် သောက်သုံးရေအခက်အခဲများရှိလာနိုင်ပြီး သောက်သုံးရေပေးဝေမှုကို အကန့်အသတ်ဖြင့်သာ ပေးဝေသွားမည်ဖြစ်သည်ဟု ဆလိုဗက်ကီးယား ရေထုအရင်းအမြစ်ဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဆလိုဗက်ကီးယားနိုင်ငံ တစ်ဝန်း မိုးခေါင်တဲ့ ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ မိုးခေါင်မှုကြောင့် သောက်သုံးရေကို အကန့်အသတ်နဲ့သာ ပေးဝေသွားတော့မှာဖြစ်ပါတယ်။ မိုးခေါင်မှုတိုက်ဖျက်ရေးအတွက် စီမံချက်တွေနဲ့ စနစ်တကျဆောင်ရွက်သွားဖို့ ပြင်ဆင်နေပါတယ်။ မိုးခေါင်မှုကြောင့် အထိနာဆုံးကတော့ စိုက်ပျိုးရေးကဏ္ဍပါပဲ။ ဆောင်းရာသီမှာ ရိတ်သိမ်းရမဲ့ သီးနှံတွေ ရေလုံလောက်စွာမရတဲ့အတွက် အထွက်နှုန်းတွေ သိသိသာသာ ကျဆင်းနိုင်ပါတယ်" ဟု ဆလိုဗက်ကီးယား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အင်္ဂလန်နိုင်ငံ ကန်ဒေသတွင် တည်ဆောက်နေသော ရေကြီးရေလျှံမှုအတားအဆီးများ တည်ဆောက်မှုပြီးစီး

**လန်ဒန် အောက်တိုဘာ ၃**

အင်္ဂလန်နိုင်ငံ အရှေ့တောင်ဘက်ပိုင်း ကန်ဒေသတွင် တည်ဆောက်နေသော ရေကြီးရေလျှံမှု အတားအဆီးများ တည်ဆောက်မှု ပြီးစီးပြီဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကန်ဒေသရှိ တွန်ဘရစ်ချ်ဇရိယာနှင့် ဟီလ်ဒင်ဘိုရောက်ဇရိယာတို့တွင် မိုးရွာသွန်းတိုင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသောကြောင့် ရေကြီးရေလျှံမှု အတားအဆီးများကို စီမံချက်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအတားအဆီးအတွက်စတာလင်ပေါင် ၄၂ သန်းထိ အသုံးပြုခဲ့ရကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ကန်ဒေသမှာ မိုးရွာသွန်း



တိုင်း ရေကြီးရေလျှံမှုပြဿနာနဲ့ ရင်ဆိုင်ရလေ့ရှိပါတယ်။ အထူးသဖြင့် တွန်ဘရစ်ချ်ဇရိယာနဲ့ ဟီလ်ဒင်ဘိုရောက် ဇရိယာတို့မှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိပါတယ်။ ၁၉၈၂ ခုနှစ်တုန်းကတော့ ရေကြီးရေလျှံမှုအတားအဆီးတွေကို တည်ဆောက်ခဲ့ပါတယ်။ ဒါပေမဲ့ လိုအပ်ချက်တွေ ရှိနေတဲ့အတွက် ပြန်လည်မွမ်းမံ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ပြန်လည်မွမ်းမံ တည်ဆောက်မှုဟာ စတာလင်ပေါင် ၄၂ သန်းထိ ကုန်ကျခဲ့ပါတယ်။ အတားအဆီးတွေ တည်ဆောက်ပြီးသွားပြီဖြစ်တဲ့ အတွက်ကြောင့် ရေဘေးအန္တရာယ်ကို ဘေးကင်းစွာ ရင်ဆိုင်နိုင်တော့မှာဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူထောင်ပေါင်းများစွာ ဘေးလွတ်ရာရွှေ့ပြောင်း

**နယူးဒေလီ အောက်တိုဘာ ၃**

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ဂန်ဒက်မြစ်ရေ မြင့်တက်လာမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ လူထောင်ပေါင်းများစွာ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

ဘီဟာပြည်နယ် ဆာရန်ခရိုင်ရှိ ဂန်ဒက်မြစ်ရေမြင့်တက်လာပြီး တာတမံများ ကျိုးပေါက်မှုကြောင့် ရေကြီးမှုများ ပိုမိုဆိုးရွားလာခဲ့ရာ ကျေးရွာပေါင်း ၁၇၀ နှင့် လူဦးရေ ၃ဒသမ ၃၂သိန်းခန့် ရေဘေးသင့်ခဲ့ကြောင်း၊ ထို့ပြင် ရေဘေးသင့်ပြည်သူ ၄၃၄၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး ဂန်ဒက်မြစ်၊ ဂင်္ဂါမြစ်၊ ကိုစီမြစ်၊ ဘဂ်မတီမြစ်နှင့် ဂါဂရာမြစ်တို့ စိုးရိမ်ရေမှတ်ကျော်ကာ အန္တရာယ်ရှိ ရေမှတ်ထိရောက်ရှိနေကြောင်း၊ ထို့ကြောင့် ဗဟိုရေကော်မရှင် (CWC) က ရေဘေးသတိပေးချက်လိမ္မော်ရောင်အဆင့် ထုတ်ပြန်ထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ဆာရန်ခရိုင်အတွင်း ကျေးရွာများရှိနေအိမ်များ ရေလွှမ်းခဲ့ပြီး ဒေသခံတချို့ ယာယီခိုလှုံရေး စခန်းများတွင် သွားရောက် ခိုလှုံနေရကြောင်း၊ အိန္ဒိယလေတပ်ကလည်း ရေဘေးသင့်ပြည်သူများထံ လူသုံးကုန်နှင့် အခြေခံ စားသောက်ကုန်များကို ရဟတ်ယာဉ်များဖြင့် လေကြောင်းမှ ချပေးလျက်ရှိကြောင်းသိရသည်။

ထို့ပြင် အမျိုးသားသဘာဝဘေးတုံ့ပြန်ရေးတပ်ဖွဲ့ ၁၂ ဖွဲ့နှင့် ပြည်နယ်သဘာဝဘေးတုံ့ပြန်ရေးတပ်ဖွဲ့ ခုနစ်ဖွဲ့တို့ကို ရေဘေးသင့်ဒေသများတွင် ဖြန့်ကြက်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် မြစ်ရေမျက်နှာပြင်နှင့် တာတမံများ၏ အခြေအနေကို သက်ဆိုင်ရာ အာဏာပိုင်များက အနီးကပ်စောင့်ကြည့် လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ်တစ်ဝန်း မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးများ ရေလွှမ်းကာ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေပြီး ရေလွှမ်းသည့်ဇရိယာတွင် နေထိုင်သော ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း၊ ဒေသခံတချို့ နေအိမ်တွင် ပိတ်မိနေသည့်အတွက်ကြောင့် ကယ်ဆယ်ရေးဝန်ထမ်းများက အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေရကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကန်ဆက်ပြည်နယ်တစ်ဝန်း မုန်တိုင်းကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပါတယ်။ ရေဘေးအန္တရာယ်နဲ့ အဆိုးရွားဆုံး ရင်ဆိုင်နေရတဲ့မြို့ကတော့ ဒေါ်ဂီမြို့ဖြစ်ပြီး လမ်းမကြီး တော်တော်များများ ရေလွှမ်းနေပါတယ်။ ဒေါ်ဂီမြို့ခံအများစု ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ အန္တရာယ်ဇုန်အတွင်းက ဒေသခံတချို့ကို အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်။ ပိတ်မိနေတဲ့ ဒေသခံတွေကိုလဲ ကယ်ဆယ်ရေး ဝန်ထမ်းတွေက အချိန်မီ ကယ်ထုတ်နိုင်ခဲ့လို့ အသက်အန္တရာယ်မရှိခဲ့ပါဘူး" ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဘီလ်တန်နာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ဟင်းသုံးခွက်ပုံပြင်

**နွေကုံကော်(မြို့လှ)**



(၁)

"အခါတော် ပေးတာက..."

မင်္ဂလာခန်းမကြီးထက် တီးခတ်နေသည့် သာယာငြိမ့်ညောင်းဖွယ် ဆောင်းသံက ပြေပြေပြစ်ပြစ် လှိုင်းကလေးများရိုက်ခတ်သံနှင့်မခြားနားဝင်ပီယံကောင်းလှသည်။

လူကုံထံအသိုင်းအဝိုင်းတို့၏ မင်္ဂလာပွဲဖြစ်သည်နှင့်အညီ ဝတ်ကောင်းစားလှများဖြင့် ရောက်ရှိလာကြသော ဧည့်ပရိသတ်များကလည်း အရောင်အသွေးစုံ တဖိတ်ဖိတ်တလက်လက်။ ရုံးပိတ်ရက်ဖြစ်သည်ကြောင့်လည်း လူကြီးများသာမက သားသမီးမြေးမြစ်များပါ ပါလာကြသူတွေရှိနေသေးသည်။

"နေသစ်ရေ တို့စာပေအဖွဲ့တွေကိုတော့ မင်းတို့ပဲ ထိန်းထားပေးကွာ။ အခုကော အဆင်ပြေကြတယ်မဟုတ်လား"

စာပေမိတ်ဆွေလို့လည်း ပြောလို့ရ၊ ဆရာသမားဟုလည်း ဆိုနိုင်သည့် ဆရာဦးဝင်းကျော်၏ သားအထွေးဆုံး မင်္ဂလာပွဲတွင် ကျွန်တော်က ဖိတ်စာတာဝန်ခံသာမက ဧည့်ခံကြိုဆိုရေးတွင်လည်း တစ်စိတ်တစ်ဒေသနေရာက ပါဝင်ခဲ့သည်။ ရာထူးစုံမိတ်သင်္ဂဟများကြား ပြေးလွှားနေရသော ဆရာ့ခမျာ ဇနီးသည်ထက်ပင် ပိုပင်ပန်းရ၏။ အဲကွန်းခန်းမတွင် ရှိနေသည့်တိုင် ပြေးလွှားနေရသည့် ဆရာ့ခမျာ ချွေးစေးလေးများကို လက်ကိုင်ပဝါဖြင့် မကြာခဏ ဆိုသလို သုတ်နေရသည်။

"ရပါတယ်ဆရာ၊ ကျွန်တော်တို့အဖွဲ့တွေက ပြဿနာမရှိပါဘူး၊ အဆင်ပြေပါတယ်။ ဆရာ တခြားသူတွေကိုပဲ အေးအေးဆေးဆေးဧည့်ခံပါ"

မိတ်ဆွေအပေါင်းအသင်းများသူက သတို့သားရှင်မိဘများဖြစ်နေသည်မို့ သတို့သမီးမိဘများကတော့ သက်သောင့်သက်သာ အေးအေးလူလူ ရှိလှသည်။ ဆရာက နယ်ဘက်ဆိုင်ရာမှာ ညွှန်ချုပ်အဆင့်မို့ မင်္ဂလာပွဲက သိပ်တော့အပန်းမကြီးလှပါ။ ငွေအားဖြင့် ပံ့ပိုးသူများရှိသလို ကာယအားဖြင့် နေသစ်အပါအဝင် ဆရာ့တပည့်တွေကလည်း ပါဝင်ကြသည့်အတွက် သတို့သားလောင်းရော သူ့အထက်က အစ်ကိုအစ်မတွေပါ ဘာမှပူစရာ မရှိ။ သူတို့မောင်နှမတွေသည်လည်း လာသမျှမိတ်ဆွေများကို နေရာပြပေးရုံနှင့် ဓာတ်ပုံအတူ တွဲရိုက်ရုံလောက်သာ တာဝန်ရှိကြသည်။

ဆရာ့သားအငယ်ဆုံး ခိုင်ဝင်းကျော် မင်္ဂလာဆောင်တော့မည့် သတင်းကြားစဉ်က ကျွန်တော်တော်တော်အံ့အားသင့်ခဲ့ရသည်။ အခုမှ ပထမနှစ်ကျောင်းသားပဲရှိသေးသည်ကိုး။ ကောင်မလေးကလည်း ပထမနှစ်။ သူတို့ဘာလုပ်စားကြမည်နည်းဟု အသက် ၃၀ ကျမှ အိမ်ထောင်ထူခဲ့သော ကျွန်တော်က ကိုယ့်ဘာသာမေးခဲ့မိဖူးသည်။ နောက်ပြီး အခုမှ တက္ကသိုလ်မှာ ပညာသင်စ။ ဘယ်အချိန် မိဘကျေးဇူးဆပ်တော့မည်နည်း။

ဒီအတိုင်းဆို ဆယ်တန်းအောင်သည်ထိ ကျွေးမွေးသင်ကြားပေးခဲ့သော ကုန်ကျစရိတ်များအတွက် ကျေးဇူးဆပ်ဖို့နေနေသာသာ အပေါင်းတစ်ဦး ရွှေလက်ဆွဲပြီးတော့ပါ အိမ်ပေါ်ရောက်လာကြတော့မည်။ ဒီအတွက်လည်း ဆရာဦးဝင်းကျော်က ပူပင်ဟန်မရှိ။ အမြဲတမ်း အေးအေးဆေးဆေးသမား။ ဒီလိုအေးဆေးသည့်အတွက်ကြောင့်ပဲ အခြားသူများထက် ရာထူးတက်နှေးခဲ့ရသည်။

ဆယ်ကျော်သက် သတို့သားနှင့် သတို့သမီးတို့ကတော့ နှစ်ဦးစလုံးလပြည့်ဝန်းတင့်ရွှန်းသည့် မျက်နှာများဖြင့်ရှိနေကြသည်။ လောကကြီးသည် အရာအားလုံး ပန်းခင်းသည့်လမ်းနှယ်။ အဖေစီစဉ်ပေးသောခန်းမ၊ အဖေ ရှာဖွေပေးသောငွေကြေး၊ အဖေ့တပည့်တပန်းများဖြင့် ခမ်းနားချင်တိုင်း ခမ်းနားခွင့်ရသော သူတို့ဘဝလေးများကို ကျွန်တော်အားမကျမိတာတော့ အမှန်ပင်။

"ဟေ့ သွန်းသွန်းနဲ့ ယုဝါလေးတို့ လျှောက်မပြေးကြနဲ့၊ ချော်လဲမယ်နော်"

ကလေးဝတ်ကုတ်အင်္ကျီလေးနှင့် ယောက်ျားလေးတစ်ယောက်၊ ဂါဝန်လေးနှင့် မိန်းကလေးတစ်ယောက်။ အဘိုးဦးဝင်းကျော်၏ သမီးအချစ်မြေးအနှစ်များပင်တည်း။ အသက် ခြောက်နှစ် ခုနှစ်နှစ်အရွယ် မြေးနှစ်ဦးမှာ ဦးဝင်းကျော်နှင့် ဒေါ်ခင်ခင်ပြုံးတို့၏ သမီးလတ်မှ မွေးခဲ့သော မြေးရတနာများဖြစ်သည်။ ရုပ်ကလေးများကတော့ အဘိုးအဘွားရော မိဘနှစ်ပါးကိုပါတူသဖြင့် အချောလေးများဖြစ်ကြသည်။

ကိုယ်နှင့်သက်တူရွယ်တူ ဆရာ့သမီးလတ် ခင်ဖြူဝင်းသည် ကလေးနှစ်ယောက်အမေရယ်လို့ မည်သို့မျှမဆိုသာ။ အပျိုလေးတစ်ဦးပမာ သွက်လက်ရွှင်လန်းနေဆဲ။ ဆရာနယ်မှာတာဝန်ကျစဉ် အသက် ၂၀ စွန်းစွန်းမှာပဲ သူကလေးက အိမ်ထောင်ပြုခဲ့သည်ဟု သိရသည်။

သူ့အမျိုးသားလေးကလည်း အပေအတေတော့ မဟုတ်ခဲ့ရှာ။ မိဘများကိုယ်တိုင် ကြည်ဖြူစွာနှင့် ပေါင်းဖက်ပေးခဲ့ခြင်းဖြစ်သည်။ ခင်ဖြူဝင်းက တက္ကသိုလ်ဘွဲ့ရဖြစ်သလို သူ့အမျိုးသားကလည်း အလုပ်အကိုင်နှင့် ရာထူးတစ်ခုရှိသူဖြစ်၏။ သို့တိုင်အောင် အမျိုးသားရှိရာ နယ်မှာလိုက်မနေဘဲ မိဘများနှင့်သာ အတူလိုက်နေခဲ့သည်။ ဒါကို နေသစ်ကိုယ်တိုင် ရုံးချုပ်ရောက်ပြီး ဆရာနှင့်အနေနီးမှ သိခွင့်ရခဲ့ခြင်းဖြစ်သည်။

"တစ်လတစ်လ သူ့ဆီဖိုးရယ်၊ မြေးတွေစရိတ်ရယ်၊ အလတ်မတို့ စားစရိတ်ရယ်နဲ့ မကာမိအောင်ပါပဲကွယ်"

လွန်ခဲ့သည့် လေးနှစ်ဝန်းကျင်က ဆရာ့ဇနီးအန်တီက ထိုသို့ညည်းညူခဲ့ဖူးသည်။ ထိုစဉ်တုန်းက ကျွန်တော်နားမလည်နိုင်ခဲ့။ လုပ်ပိုင်ခွင့်ရှိသည့် ဌာနကြီးမှ ညွှန်ကြားရေးမှူးချုပ်တစ်ယောက်အနေဖြင့် ထိုက်သင့်သည့် ဝင်ငွေတော့ရှိရမည်မဟုတ်ပါလား။

ဟုတ်ပါသည်။ ဆရာ့မှာ ကျွန်တော်တို့ လက်လှမ်းမမီသည့် ဝင်ငွေတစ်ခုရှိနေသည့်တိုင်အောင် "ဥစ္စာဖြို စားဖိုက"ဟူသည့်အတိုင်း ဖြိုကြမည့် သူများကလည်း သား နှစ်ယောက်၊ သမီးတစ်ယောက်၊ မြေး နှစ်ယောက်တို့က ဝန်းရံထားကြသည်ကို ကျွန်တော်နောက်မှသိခဲ့ရသည်။

ဆရာ့လစာနှင့် ခံစားခွင့်များသည် ပလိုင်းပေါက်နှင့် ဖားကောက်ဖြစ်နေသည့်တိုင်အောင် ဆရာသည်ကား ခပ်ပြုံးပြုံး၊ မြေးများနှင့် ပျော်မဆုံးနိုင်ပဲ ရှိနေရှာသည်။

"အံ့ဩလို့မဆုံးဘူး မောင်ရယ်။ ဒီအသက်အရွယ်ထိ မိဘအရိပ်မှာခိုပြီး အဖေအမေကို အထောက်အကူမပြုဘဲနေနိုင်တာ မြိန့်မြိန့်ကြီး ထိုင်စားနိုင်တာကိုပဲ အံ့ဩမိတယ်။ သူ့ယောကျ်ားကလဲ နယ်မှာဆိုပေမဲ့ အခြေအနေမဲ့မှ မဟုတ်တာပဲ၊ အကုန်လုံးကို အဖေ့ဆီက ပတ်ခွာနေတော့တာပဲ၊ အဖေ အမေခမျာ အိုစာမင်းစာတော့ရှိသင့်သေးတယ်မဟုတ်လား။ ဆရာက သားသမီးတွေကို ချစ်တာတော့ချစ်တာပေါ့။ ဒါပေမဲ့ မိဘတွေ မရှိရင် သူတို့တွေပဲ စမ်းတဝါးဝါးကျန်ခဲ့မှာနော်"

ကျွန်တော်နှင့် အိမ်ထောင်ကျပြီးသည့်တိုင်အောင် မိဘကို တစ်လ တစ်သိန်း ထောက်ပံ့နေသေးသော ဇနီးသည်ကပါ ပင့်သက်ချလျက် ထိုသို့ ဆိုခဲ့ရှာသည်။ ကျွန်တော်တို့နှစ်ဦးစလုံး အသက် ၃၀ ကျော်မှ အိမ်ထောင်ထူခဲ့ကြသည်။

နှစ်ဦးစလုံးကလည်း အတွေးတူ ခံယူချက်တူဖြင့် မင်္ဂလာဆောင်စရိတ်ကို မိမိတို့ဘာသာ စုဆောင်းပြီး မိဘများကို ဒုက္ခမပေးခဲ့ကြ။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်၊ ကိုယ့်ဘဝ ကိုယ်ကျောင်းကာ လောကကြီးထဲရဲရဲဝင်တိုးပြီး လူ့ဘောင်တစ်ခုတည်ဆောက်ရာတွင် ပါဝင်လိုကြသူတွေ သာဖြစ်၏။ မိဘနှစ်ပါးကို ဒုက္ခလာပေးသော သားသမီးများကိုမြင်တွေ့ရတိုင်း ကျွန်တော်ကြားထဲကနေ ငထွား ခါးအကြိမ်ကြိမ်နာခဲ့ရသည်။ ယခုလည်း သူတို့မောင်နှမတွေကတော့ အေးရာအေးကြောင်း ဧည့်ခံဓာတ်ပုံရိုက်မပျက်ကြပေ။

❖ နှစ်ဦးစလုံးကလည်း အတွေးတူ ခံယူချက်တူဖြင့် မင်္ဂလာဆောင်စရိတ်ကို မိမိတို့ဘာသာစုဆောင်းပြီး မိဘများကို ဒုက္ခမပေးခဲ့ကြ။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်၊ ကိုယ့်ဘဝကိုယ်ကျောင်းကာ လောကကြီးထဲ ရဲရဲဝင်တိုးပြီး လူ့ဘောင်တစ်ခုတည်ဆောက်ရာတွင် ပါဝင်လိုကြသူတွေသာဖြစ်၏။ မိဘနှစ်ပါးကို ဒုက္ခလာပေးသော သားသမီးများကိုမြင်တွေ့ရတိုင်း ကျွန်တော်ကြားထဲကနေ ငထွား ခါးအကြိမ်ကြိမ်နာခဲ့ရသည်။ ❖

ဆက်လက်ဖော်ပြပါမည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၈၅၃၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**မြင်းမူ အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၈၅၃၉ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၉၂ ဧကနှင့် ဖူးစားပြောင်း ၆၃၄၇ ဧက စုစုပေါင်း ၈၅၃၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပြောင်းသီးနှံဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွား ရောဂါ ကျရောက်မှုမရှိဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ပိုးမွားရောဂါကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပန်းကဏန်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပန်းကဏန်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပန်းကဏန်းပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ပန်းကဏန်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ပန်းကဏန်းတွေကို အဝယ်လိုက်လာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပန်းကဏန်းတွေ ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။



ဒေးဒရဲမြို့နယ်မှ ပန်းကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀၀ မှ ၄၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သပြေပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၁၉၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၄၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁၉သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် သိန်း ၃၀၊ စပါးမျိုးစေ့ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နော်လူး

## မေတ္တာယှဉ်မှ အစဉ်လှ

- ချစ်သောမိတ်ဆွေ ကြီးမည်းပေနှင့်
  ဝါရွှေညိုဘုတ် အဖြေထုတ်သော်
  ပြယုဂ်မြင်ကာ မင်္ဂလာဟု
  ရင်မှာယှဉ်ကြည့် ကြည်နူးမိရှင့်။

- မည်းနက်ကြီးသွင် ညိုဘုတ်မြင်သော်
  ဂုဏ်အင်ညွှတ်ပွား မြတ်ဘုရား၏
  မြသားသပိတ် အရောင်ဖိတ်သို့
  ထွတ်ထိပ်တင်ကာ ဆိုခဲ့ပါသော်
  ကြီးမှာပီတိ ကြည်နူးမိ၍
  အသိထုံကူး တုံ့ပြန်ကျူးသည့်
  နှစ်ဦးမေတ္တာ အနှစ်ပါခဲ့။

- ကြီးမှဘုတ်အား လွန်လေးစား၍
  စကားချိုယဉ် ဘုရားရှင်၏
  ကိုယ်တွင်ရုံထား သင်္ကန်းလားသို့
  ရွှေသားအသွင် သိင်္ဂီဆင်နှင့်
  ကြန်အင်မြင့်ရောက် အရောင်တောက်ဟု
  အံ့လောက်ဆိုသော် ထိုနှစ်ဖော်တို့
  ရွှင်ပျော်တွဲလက် အမြဲယှက်၍
  အသက်ထက်ဆုံး မေတ္တာသုံးသော်
  နှလုံးစိတ်ဝမ်း လွန်အေးချမ်းခဲ့။

- အမှားအမှန် အသိဉာဏ်ဖြင့်
  ဝေဖန်ပိုင်းခြား သိပေငြားလည်း
  လူသားမဆန် အတ္တရန်ဝယ်
  မာန်နှင့်မာန အာဃာတကြောင့်
  လောဘပိတ်ဖုံး ဒေါသသုံး၍
  အရှုံးမေ့ဟာ ကျင့်သုံးကြသော်
  အလှဘယ်မှာ ရှာတွေ့ပါလိမ့်။

- ကြီးနှင့်ဘုတ်သွင် ပမာယှဉ်၍
  အသင်နှင့်ငါ တွေ့ဆုံရာဝယ်
  မေတ္တာကျင့်သုံး ရွှင်နှလုံးနှင့်
  အမုန်းနွမ်းကြွေ ပြုံးပန်းဝေသော်
  ဤမြေလောက အစဉ်လှလိမ့်။

ကိုမောင်လှသိန်း(ညိုမြတို့ရွာ)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတော်သာယာရေး သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းပေး

မေဇင်ထွန်း

နိုင်ငံတစ်နိုင်ငံ၏ သာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အကဲဖြတ်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများ တိုးတက်မှု၊ အခြေခံအဆောက်အအုံများ ကောင်းမွန်မှုတို့အပြင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းစိမ်းလန်းသာယာမှုသည်လည်း အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ သန့်ရှင်းသောလေထု၊ ကြည်လင်သန့်ရှင်းသော ရေအရင်းအမြစ်များ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သန့်ရှင်းသပ်ရပ်သော မြို့ရွာများနှင့် သဘာဝအလှတရားများသည် နိုင်ငံတစ်နိုင်ငံ၏ သာယာလှပမှုကို ပိုမိုပေါ်လွင်စေသည်။ ထို့ကြောင့် နိုင်ငံတော်သာယာစေရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတွင်းနေ နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ဖြစ်သည်။

လူသားတို့၏ အသက်ရှင်နေထိုင်မှုသည် သဘာဝပတ်ဝန်းကျင်နှင့် ခွဲခြား၍မရပေ။ လူတို့အသက်ရှူရန် လေ၊ သောက်သုံးရန် ရေ၊ စားနပ်ရိက္ခာများ ထုတ်လုပ်ရန် မြေယာနှင့် စိုက်ပျိုးရေးအတွက် လိုအပ်သည့် ရာသီဥတုအခြေအနေများသည် သဘာဝပတ်ဝန်းကျင်မှ ရရှိနေခြင်းဖြစ်သည်။

သစ်တောများသည် လေထုကို သန့်ရှင်းစေခြင်း၊ ရေစက်ဝန်းကို အထောက်အကူပြုခြင်းနှင့် မြေဆီလွှာတိုက်စားမှုကို လျှော့ချပေးခြင်းတို့အပြင် တောရိုင်းတိရစ္ဆာန်များအတွက် နေထိုင်ရာနေရာများကို ပံ့ပိုးပေးသည်။ ထို့ကြောင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းခြင်းသည် သဘာဝတရားကိုသာ ကာကွယ်ခြင်းမဟုတ်ဘဲ လူသားတို့၏ အသက်ရှင်နေထိုင်ရေးကိုပါ ကာကွယ်ခြင်းဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးလာခြင်း၏ အကျိုးဆက်များကို ယနေ့ကမ္ဘာတစ်ဝန်းတွင် ပိုမိုသိသာစွာ တွေ့မြင်လာရသည်။ သစ်တောပြုန်းတီးခြင်း၊ မြစ်ချောင်းများနှင့် ရေအရင်းအမြစ်များ ညစ်ညမ်းခြင်း၊ လေထုအရည်အသွေး ကျဆင်းခြင်း၊ မြေဆီလွှာပျက်စီးခြင်းနှင့် အမှိုက်စွန့်ပစ်မှုများ တိုးပွားလာခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ ထိုသို့ ထိခိုက်ပျက်စီးလာသော သဘာဝပတ်ဝန်းကျင်သည် လူတို့၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝကို ပြန်လည်ထိခိုက်စေနိုင်သည်။ အထူးသဖြင့် အမှိုက်စွန့်ပစ်မှုသည် လူတိုင်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သည်။ လမ်းဘေး၊ ရေမြောင်း၊ မြစ်ချောင်းနှင့် ရေကန်များအတွင်း အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည် မြို့ရွာများ၏ သာယာလှပမှုကို ပျက်စီးစေရုံသာမက ရေစီးရေလာများကို ပိတ်ဆို့စေပြီး မိုးရာသီတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေနိုင်သည်။

ထို့ပြင် ပလတ်စတစ်အမှိုက်များသည် သဘာဝတွင် အလွယ်တကူ မပျက်စီးနိုင်သဖြင့် မြေ၊ ရေနှင့် သက်ရှိများအပေါ် ရေရှည်သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်းသည် ရိုးရှင်းသည့်အလေ့အကျင့်တစ်ခုဖြစ်သော်လည်း နိုင်ငံတော်၏ ပတ်ဝန်းကျင်သာယာလှပရေးအတွက် အရေးပါလှပေသည်။

မြို့ရွာများကို သန့်ရှင်းသပ်ရပ်စွာ ထားရှိနိုင်ရန် အမှိုက်များကို စနစ်တကျ စုဆောင်းခြင်းနှင့် စွန့်ပစ်ခြင်းအပြင် ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများကို ခွဲခြားစုဆောင်းသည့် အလေ့အကျင့်ကိုလည်း နိုင်ငံသားတိုင်းက မွေးမြူသင့်သည်။ စက္ကူ၊ ဖန်၊ သတ္တုနှင့် ပလတ်စတစ်ကဲ့သို့ ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများကို သီးခြားခွဲခြားထားခြင်းဖြင့် အမှိုက်ပမာဏကို လျှော့ချနိုင်သည်။ ထို့ပြင် မလိုအပ်ဘဲ တစ်ခါသုံးပစ္စည်းများ အသုံးပြုခြင်းကို လျှော့ချပြီး ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများကို ရွေးချယ်အသုံးပြုခြင်းဖြင့်လည်း ပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်သည်။

သစ်ပင်၊ သစ်တောကာကွယ်ထိန်းသိမ်းရေးသည် နိုင်ငံတော်သာယာစေရေးအတွက် အလေးထားဆောင်ရွက်ရမည့် ကဏ္ဍတစ်ခုဖြစ်သည်။ သစ်ပင်များသည် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးပြီး အောက်ဆီဂျင်ကို ပြန်ထုတ်ပေးခြင်းတို့ကြောင့် လူသားတို့၏ အသက်ရှူနေထိုင်မှုအတွက် အရေးကြီးသည်။ သစ်တောများသည် မြေဆီလွှာကို ထိန်းသိမ်းပေးပြီး မိုးရေကို သဘာဝအတိုင်း စုပ်ယူထိန်းသိမ်းပေးသည့်အတွက် ရေစီးဆင်းမှုကို ထိန်းညှိရာတွင်လည်း အထောက်အကူပြုသည်။ သစ်တောများပြုန်းတီးလာပါက မြေဆီလွှာတိုက်စားမှု၊ မြေပြိုမှုနှင့် ရေကြီးရေလျှံမှု အန္တရာယ်များလည်း တိုးလာနိုင်သည်။



ထို့ပြင် သစ်တောများသည် တောရိုင်းတိရစ္ဆာန်များနှင့် အပင်မျိုးစိတ်များ၏ သဘာဝနေထိုင်ရာဒေသများဖြစ်သည်သာမက သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ရရှိစေသဖြင့် လူသားတို့၏ အသက်မွေးဝမ်းကျောင်းမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည်။

ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်သွားခြင်းသည် သက်ရှိမျိုးစိတ်တစ်မျိုးဆုံးရှုံးခြင်းသာမက သဘာဝဂေဟစနစ်၏ ဟန်ချက်ညီမှုကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် သစ်တောနှင့် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းခြင်းသည် သဘာဝမျိုးစုံမျိုးကွဲများကို ကာကွယ်ခြင်းဖြစ်သကဲ့သို့ နောင်မျိုးဆက်များအတွက် သဘာဝပတ်ဝန်းကျင်ကောင်းကို ထိန်းသိမ်းပေးခြင်းလည်းဖြစ်သည်။

အလားတူ ရေအရင်းအမြစ်များကို ထိန်းသိမ်းခြင်းသည်လည်း အလွန်အရေးကြီးသည်။ လူတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများတွင် ရေကို နေ့စဉ်အသုံးပြုနေကြရသည်။ ထို့ကြောင့် ရေချိုအရင်းအမြစ်များ အလဟဿအသုံးပြုခြင်း၊ ရေချိုအရင်းအမြစ်များကို ညစ်ညမ်းစေသည့် အမှိုက်များနှင့် စွန့်ပစ်ရေဆိုးများကို မြစ်ချောင်းများအတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့သည် ရေထုကိုညစ်ညမ်းစေသည်။ ရေကိုချွေတာသုံးစွဲခြင်းနှင့် ရေအရင်းအမြစ်များကို ညစ်ညမ်းမှုမရှိစေရန် ထိန်းသိမ်းခြင်းသည် ရေချိုရင်းမြစ်ရှားပါးမှုကို လျှော့ချနိုင်သဖြင့် ယနေ့လူသားတို့အတွက်သာမက နောင်မျိုးဆက်များအတွက်ပါ အကျိုးရှိစေမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် သာယာလှပစေရေးတွင် လေထုသန့်ရှင်းရေးကိုလည်း မမေ့သင့်ပေ။ မော်တော်ယာဉ်များ၊ စက်ရုံများနှင့် အခြားအရင်းအမြစ်များမှထွက်ရှိသည့် မီးခိုးနှင့် လေထုညစ်ညမ်းစေသော အမှုန်အမွှားများသည် လေထုအရည်အသွေးကို ထိခိုက်စေသည်။ မြို့ပြဒေသများတွင် စိမ်းလန်းသော နေရာများ၊ သစ်ပင်များ ပိုမိုတိုးပွားလာစေရန် ဆောင်ရွက်ခြင်း၊ မလိုအပ်ဘဲ အမှိုက်မီးမရှို့ခြင်းတို့သည် လေထုသန့်ရှင်းရေးကို အထောက်အကူပြုနိုင်သည်။ သန့်ရှင်းသောလေထုသည် လူတို့၏ ကျန်းမာရေးနှင့် လူနေမှုဘဝအရည်အသွေးအတွက် အရေးကြီးသည့် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။

မျက်မှောက်ကာလ၏ ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းနှင့် ရာသီဥတုပုံစံများ ပြောင်းလဲလာခြင်းသည် လူသားတို့၏ စိုက်ပျိုးမွေးမြူရေး၊ ရေအရင်းအမြစ်နှင့် လူနေမှုဘဝများအပေါ် သက်ရောက်မှုရှိနိုင်သည်။ ထို့ကြောင့် သဘာဝအရင်းအမြစ်များကို စနစ်တကျအသုံးပြုခြင်း၊ သစ်တောများကို ထိန်းသိမ်းခြင်း၊ စွမ်းအင်ကို ချွေတာအသုံးပြုခြင်းနှင့် ပတ်ဝန်းကျင် ထိခိုက်မှုနည်းစေသော နေထိုင်မှုပုံစံများကို တဖြည်းဖြည်း ပြောင်းလဲကျင့်သုံးသင့်သည်။

သစ်တောများ၊ ရေဝပ်ဒေသများ၊ မြစ်ချောင်းများနှင့် သဘာဝရေစီးကြောင်းများကို မထိခိုက်စေရန် ထိန်းသိမ်းခြင်းသည် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုကို လျှော့ချရာတွင် အထောက်အကူဖြစ်နိုင်သည်။ ထို့ပြင် မြို့ပြစီမံကိန်းများ ချမှတ်ရာတွင် ရေစီးရေလာ၊ မြေမျက်နှာသွင်ပြင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာတွင် အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အခန်းကဏ္ဍအပြင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည်လည်း အလွန်အရေးကြီးသည်။ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားရုံဖြင့် ပတ်ဝန်းကျင်ကောင်းမွန်လာမည်မဟုတ်ဘဲ ပြည်သူတိုင်းက ထိုချမှတ်ထားသော စည်းကမ်းများကို နားလည်လိုက်နာပြီး မိမိတာဝန်ကို မိမိကျေပွန်စွာ ထမ်းဆောင်မှသာ ရေရှည်အကျိုးရှိမည်ဖြစ်သည်။ မိမိနေအိမ်မှစ၍ ပတ်ဝန်းကျင်ကို သန့်ရှင်းစွာထားရှိခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ အမှိုက်များကို စည်းကမ်းမဲ့မစွန့်ပစ်ခြင်း၊ ရေနှင့်လျှပ်စစ်ကို ချွေတာအသုံးပြုခြင်းတို့ကဲ့သို့သော လုပ်ဆောင်ချက်များသည် သေးငယ်သော်လည်း စုပေါင်းလာပါက ကြီးမားသည့် အကျိုးကျေးဇူးများကို ဖြစ်ပေါ်လာစေနိုင်သည်။

အနာဂတ် ကျောင်းသားလူငယ်များကိုလည်း ငယ်စဉ်ကတည်းက သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရေး ဆရာ၊ ဆရာမများက အသိပညာပေးသင့်သည်။ ကျောင်းများတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ကျောင်းဝန်းကျင်သန့်ရှင်းရေး၊ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းနှင့် ရေအသုံးချမှုကို ချွေတာခြင်းတို့ကို လက်တွေ့လုပ်ဆောင်စေခြင်းဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအလေ့အထကောင်းများ ရရှိစေနိုင်သည်။ မိဘများကလည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိပညာများနှင့် ပတ်သက်၍ မိမိတို့၏ကလေးများကို သင်ကြားပျိုးထောင်ပေးသွားရမည်ဖြစ်သည်။ မိဘများက အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်း၊ ရေကိုမဖြုန်းတီးဘဲ ချွေတာခြင်း၊ မလိုအပ်သော မီးနှင့်လျှပ်စစ်ပစ္စည်းများကို ပိတ်ထားခြင်း၊ သစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်းတို့ကို လက်တွေ့ပြသသင်ကြားကာ အလေ့အကျင့်ကောင်းများကို ပျိုးထောင်ပေးသင့်သည်။ ထိုသို့ မိသားစုတစ်စုချင်းစီမှ စတင်လာသော အလေ့အကျင့်ကောင်းများမှသည် ရပ်ကွက်၊ ကျေးရွာတို့မှတစ်ဆင့် နိုင်ငံတော်အဆင့်ထိ တဖြည်းဖြည်း ပျံ့နှံ့လာမည်ပင်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းစဉ်းစားကာ လုပ်ငန်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်သင့်သည်။ ထုတ်လုပ်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခြင်း၊ ရေထုနှင့် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရန် လိုအပ်သည့်စနစ်များ အသုံးပြုခြင်းနှင့် အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချခြင်းတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုနိုင်ပေသည်။

နိုင်ငံတော်သာယာစေရေးအတွက် သန့်ရှင်းစိမ်းလန်းသော မြို့ရွာများ၊ သစ်တောများနှင့် သဘာဝနယ်မြေများ၊ သန့်ရှင်းသော မြစ်ချောင်းများနှင့် ရေအရင်းအမြစ်များ၊ အရည်အသွေးကောင်းမွန်သော လေထုနှင့်ကျန်းမာသော လူနေမှုပတ်ဝန်းကျင်တို့ကို ဖော်ဆောင်နိုင်ရန် လူတိုင်းတွင် တာဝန်ရှိသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျဦးဆောင်ဆောင်ရွက်ပေးခြင်းနှင့်အတူ ပြည်သူများကလည်း တက်ကြွစွာ ပူးပေါင်းပါဝင်ကြမည်ဆိုပါက နိုင်ငံတစ်ဝန်း သန့်ရှင်းစိမ်းလန်းသာယာသည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ကြီး စိမ်းလန်းစိုပြည်သာယာဝပြောစေရေးဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် လမ်းများ၊ အဆောက်အအုံများနှင့် မြို့ပြများကိုသာ သာယာလှပအောင် ပြုပြင်တည်ဆောက်ခြင်းမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်ကိုပါ တန်ဖိုးထားထိန်းသိမ်းကြရမည်ဖြစ်သည်။ မိမိနေအိမ်ဝန်းကျင်မှစ၍ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်နှင့် နိုင်ငံတစ်ဝန်းထိ သန့်ရှင်းစိမ်းလန်းသာယာစေရန် နိုင်ငံသားတိုင်းက နေ့စဉ်နှင့်အမျှ မိမိတတ်နိုင်သည့်နေရာမှ စတင်ဆောင်ရွက်ပြီး ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်သည်။ ဥပမာ သစ်ပင်တစ်ပင်စိုက်ပျိုးခြင်း၊ အမှိုက်တစ်စကို နေရာတကျ စွန့်ပစ်ခြင်း၊ ရေတစ်စက်ကိုချွေတာခြင်း၊ ပလတ်စတစ်တစ်ခုကို မလိုအပ်ဘဲ အသုံးမပြုခြင်းတို့သည် အလွန်သေးငယ်သည့် လုပ်ရပ်များဖြစ်သော်လည်း လူတိုင်းက ပူးပေါင်းလုပ်ဆောင်ပါက နိုင်ငံတော်၏ ပတ်ဝန်းကျင်သာယာလှပရေးအတွက် ကောင်းမွန်သည့် အကျိုးသက်ရောက်မှုများဖြစ်စေနိုင်သည်။

သို့ဖြစ်ပါ၍ စိမ်းလန်းစိုပြည်ပြီး သာယာကောင်းမွန်သောသဘာဝပတ်ဝန်းကျင်ကို ယခုမျိုးဆက်တွင်သာမက နောင်မျိုးဆက်များအတွက်ပါ လက်ဆင့်ကမ်းပေးနိုင်ရေး နိုင်ငံသားတိုင်းက ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**


- Food and Agriculture Organization of the United Nations (FAO) – Forests and Climate Change
- World Health Organization (WHO) – Air Pollution

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်



**မင်းကင်း အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော နှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၅၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ယခုနှစ်ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်း ၄၄၅၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် နှမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင် မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ် ကျုံဒူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဒေးဒရဲ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျုံဒူးဒါးမလိမ်းကျေးရွာအုပ်စု ကျုံဒူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသန့်နှင့် ဝန်ထမ်းများက ကျုံဒူးကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသန့်က ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ကွန်ကရစ်လမ်းကို တန်ဖိုးထားပြီး အကျိုးရှိရှိသုံးစွဲကြရန်၊ လမ်းရေရှည် အသုံးပြုနိုင်ရန်အတွက် ထိန်းသိမ်း ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါ ကျုံဒူးကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းသည် အရှည် ပေ ၅၁၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၁၈၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုများနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**တေဇာလင်း**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူအား ကောင်းနေကြောင်း သိရသည်။

"ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ဘက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဘက်ကနေ



ဆန်ကွဲအိတ်တွေ အပါအဝင် တင်ပို့ကုန်စည်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ပြီးခဲ့တဲ့တစ်လအတွင်း ဝယ်လိုအားက သိသိသာသာတက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံတွေက အဆက်မပြတ်တင်ပို့ရောင်းချနေတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ကုန်သည်တွေပါ အဆင်ပြေပါတယ်။ ဆန်ကွဲအရည်အသွေးတော့ ကောင်းဖို့လိုအပ်ပါတယ်"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၁၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်ငူမြို့နယ် တလိုင်းနွယ်ကုန်းအရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**တောင်ငူ အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တလိုင်းနွယ်ကုန်းအရှေ့ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ စီမံကိန်းချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျော့ချရေးတို့ကို အကျယ်တဝင့်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တလိုင်းနွယ်ကုန်းအရှေ့ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၃ သန်းကို ထုတ်ချေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# မင်းဘူးမြို့နယ် ကျွဲတဲကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းဘူး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွဲတဲကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သည့် စီမံကိန်းလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ကျွဲတဲကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မာ**



# ပြင်ဦးလွင်မြို့အစွန် သုံးထပ်ရေတံခွန်

သက်နိုင်(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့နယ်အတွင်းမှာရှိတဲ့ ကျီးကိုင်ရွာက ရေကူးကန်ကိုရောက်နေကြတာ အချိန် တစ်နာရီကျော်ကြာနေပါပြီ။ စတင်ရောက်ရှိလာကတည်းက ရေကူးကန်ထဲကိုဆင်းသွားကြတဲ့ ကလေးတွေကလဲ အခုထိပြန်တက်မလာကြသေးပါဘူး။ အချိန် နှစ်နာရီကျော်အကြာမှာ တစ်ယောက်ပြီးတစ်ယောက် ကန်ပေါ်ကို ပြန်တက်လာခဲ့ကြတယ်။ တောင်စောင်း အမြင့်ပေါ်မှာတည်ရှိနေတဲ့ ရေကူးကန်မှာ လေတိုက်နှုန်း မြင့်မားပါတယ်။ လေတိုက်တဲ့အရှိန်ကြောင့် ကလေးတွေ ချမ်းလာကြပါတယ်။

ရေကူးကန်အပေါ်ကိုရောက်လာကြတဲ့ကလေးတွေက စားပွဲထိုင်ခုံတွေမှာ အဆင်သင့်နေရာယူလိုက်ကြပြီး သူတို့စားချင်သောက်ချင်တာတွေကို မှာယူစားသောက်ကြတော့တယ်။ အများအားဖြင့် အခုခေတ်ကလေးတိုင်းကြိုက်နှစ်သက်ကြတဲ့ ပူပူစပ်စပ် အစားအသောက်တွေပါ။ ဒီလိုအစားအစာတွေကို စားသောက်ကြပြီး အနွေးဓာတ်လဲရ၊ နေသာထိုင်သာ ရှိသွားကြတာနဲ့ မြင်းစီးချင်တယ်၊ မြင်းစီးကွင်းကို လိုက်ပို့ပေးပါဆိုလို့ ရေကူးကန်ကနေတစ်ဆင့် မြင်းစီးကွင်းရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ရတယ်။ မြင်းစီးကွင်းက ရေကူးကန်ရဲ့အထက် အပေါ် အမြင့်ပိုင်းတစ်နေရာမှာ တည်ရှိနေတယ်။ ဝင်လာတုန်းက ရေကူးကန်နေရာနဲ့လမ်းမှားပြီးရောက်ရှိခဲ့တဲ့နေရာပါ။ ကလေးတွေရဲ့ထုံးစံအတိုင်း မြင်းစီးကွင်းကိုရောက်တဲ့အခါမှာလဲ ကားပေါ်ကနေ တဝုန်းဝုန်းနဲ့ ဆင်းပြေးကြပြန်တယ်။ မိမိက နောက်ကနေလိုက်ပြီး သတ်မှတ်ထားတဲ့မြင်းစီးခကို ပေးချေနေရတယ်။ မြင်းစီးကွင်းမှာ ကလေးငယ်တွေများပြီး တာဝန်ကျမြင်းထိန်းတွေနဲ့ စီးကြရတာဖြစ်ပါတယ်။

မြင်းစီးကွင်းမှာ မိမိရဲ့ကလေးတွေက မြင်းစီးရတဲ့အရသာကို နှစ်သက်သဘောကျနေကြသလို တစ်ယောက်ကို နှစ်ကြိမ်၊ သုံးကြိမ်ထိ ထပ်ခါထပ်ခါ စီးနေကြတော့တယ်။ သူတို့တွေစီးနေရတဲ့မြင်းက သတ်မှတ်ထားတဲ့ ကွင်းပတ်လမ်းအတိုင်း မြင်းထိန်းရဲ့အကူအညီနဲ့စီးကြရတာမျိုးပါ။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် စိတ်တိုင်းကျစီးခွင့်မရှိပါဘူး။ ဒီလိုစီးခွင့်ပြုထားမယ်ဆိုရင်လဲ ကျွမ်းကျင်မှုမရှိတဲ့ သူတွေအတွက် အန္တရာယ်တွေ ဖြစ်နိုင်ပါတယ်။ အရင် ကိုလိုနီခေတ်တုန်းက ပြင်ဦးလွင်မြို့မှာ မြင်းစီးဝါသနာပါသူတွေအတွက် ရည်ရွယ်ပြီး မြင်းစီးလမ်း(မြင်းလမ်း)တွေရှိခဲ့ပါတယ်။ မြင်းစီးသူတွေအထဲမှာ မြန်မာလူမျိုးတွေနည်းပါးပြီး အင်္ဂလိပ်လူမျိုးတွေသာ ရှိနေခဲ့တယ်။ မြင်းစီးလမ်းတွေက အခုလို သေးသေးကျဉ်းကျဉ်းကွင်းငယ်လေးလိုမဟုတ်ဘဲ မြို့တစ်ပတ်ထိ ရှိနေကြတယ်။ အချို့နေရာတွေမှာ တောတွင်းလမ်းတွေလဲ ပါဝင်နေတယ်။ ဒါပေမဲ့အခုအချိန်မှာ ကိုလိုနီခေတ်က မြင်းလမ်းတွေမရှိကြတော့သလို မြင်းစီးသူတွေ၊ မြင်းစီးအသင်းတွေလဲ မရှိကြတော့ပါဘူး။ ကလေးတွေမြင်းစီးတာဝလို့ ကားပေါ်ကို ပြန်တက်လာတဲ့အချိန်က ညနေ ၃ နာရီရှိနေပါပြီ။

တကယ်ဆို ရေကူးပြီး၊ မြင်းစီးပြီးရင် အိမ်ပြန်ကြဖို့သာရှိပါတော့တယ်။ ဒါပေမဲ့ မိမိရဲ့ကလေးတွေက ငါးဖမ်းချင်တယ်ဆိုပြီး ပြောဆိုပူဆာကြပြန်တာကြောင့် သူတို့ပျော်ဖို့၊ ကစားဖို့၊ ငါးဖမ်းဖို့ အန္တရာယ်ကင်းတဲ့နေရာတစ်ခုကို ထပ်မံစဉ်းစားရှာဖွေနေရတယ်။ နောက်ဆုံးမှာ သုံးထပ်ရေတံခွန်ရှိရာကို လိုက်လံပို့ဆောင်ဖို့စဉ်းစားဆုံးဖြတ်ထားလိုက်တယ်။ သုံးထပ်ရေတံခွန်မှာ ကလေးငယ်တွေအပျော်ငါးဖမ်းဖို့ နေရာအချို့ရှိနေတဲ့အပြင် အန္တရာယ်လဲကင်းပါတယ်။ ဒ့ါပြင် အခုရောက်ရှိနေတဲ့နေရာကနေ ဆက်လက်သွားကြဖို့အတွက် ခရီးလမ်းကြောင်းကလဲ အဆင်ပြေနေတယ်။ ကားပေါ်မှာ ကလေးတွေစုံတာနဲ့ သုံးထပ်ရေတံခွန်ရှိရာကို ထွက်ခွာလာခဲ့ကြတယ်။

ခရီးလမ်းကြောင်းက ကျီးကိုင်ရွာကနေလာလမ်းအတိုင်း မြို့ရှောင်လမ်းကိုမောင်းလာခဲ့ရတယ်။ မြို့ရှောင်လမ်းကိုရောက်မှ ညာဘက်လမ်းကြောင်းအတိုင်း မန္တလေး-လားရှိုးလမ်းရောက်တဲ့ထိ ထပ်မံမောင်းနှင်ရမှာပါ။ မြို့ရှောင်လမ်းမှာတော့ အရင်ကလို ကုန်တင်ကားကြီးတွေ၊ ၂၂ ဘီးတပ်တွဲကားကြီးတွေကို မတွေ့မမြင်ရတော့ဘဲ ရှင်းလင်းနေတယ်။ ဒီလမ်းက ဆောင်းရာသီကာလတွေမှာ လမ်းဘေးတစ်လျှောက် အလေ့ကျပေါက်တဲ့ သဘာဝတောရိုင်းနေကြာပန်းတွေကြောင့် လာရောက်အလှကြည့်သူတွေ၊ ဓာတ်ပုံရိုက်ကြသူတွေနဲ့ စည်ကားနေလေ့ရှိတယ်။ မိမိတို့ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်လို့ တင်စားခေါ်ဆိုကြတဲ့အတိုင်း ရာသီမရွေးပန်းပေါင်းစုံတွေ ဖူးပွင့်ဝေဆာနေတဲ့အထဲမှာ ဆောင်းရာသီအတွင်း တစ်မြို့လုံးအနှံ့ ဝင်းဝင်းဝါဝါပွင့်နေကြတဲ့ ပန်းရိုင်းနေကြာတောကြီးတွေရဲ့အလှကို နယ်ခံမြို့သူမြို့သားတွေကော လာရောက်လည်ပတ်ကြတဲ့ခရီးသည်တွေအားလုံးကကော သဘောကျနှစ်သက်လေ့ရှိနေတယ်။

မြို့ရှောင်လမ်းအတိုင်းမောင်းလာခဲ့ရင်း မဟာအံ့ထူးကံ့သာ(ပြည်ချစ်)ဘုရားအနီး မန္တလေး-လားရှိုးလမ်းနဲ့ မြို့ရှောင်လမ်းဆုံရောက်တာနဲ့ ညာဘက်ကို ချိုးကွေ့ပြီး လားရှိုးမြို့ရှိရာဘက်ကို ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ အတော်အသင့်ရှင်းလင်းနေတဲ့ လမ်းမကျယ်ကြီးအတိုင်းမောင်းလာခဲ့ရင်း မကြာခင်မှာ ရန်ကုန်တောရဆိုတဲ့ဘုန်းတော်ကြီးကျောင်း အဝင်ဆိုင်းဘုတ်ရှိရာကို ရောက်လာခဲ့ကြတယ်။ ဒီကျောင်းကို ရန်ကုန်နတ်ကျုံးကျောင်းလို့လဲ ခေါ်ဆိုကြတယ်။ မိမိတို့ အခုသွားရောက်ကြမဲ့ သုံးထပ်ရေတံခွန်က ဆိုင်းဘုတ်ကြီးအောက်ကနေ ဝင်ရောက်မောင်းနှင်သွားရမှာပါ။ ဒါပေမဲ့ ရန်ကုန်နတ်ကျုံးတောရကျောင်းထိ မောင်းသွားလို့မရတော့ဘဲ ကျောင်းမရောက်ခင် ထပ်မံဖောက်လုပ်ထားတဲ့လမ်းကနေ မောင်းလာခဲ့ရတယ်။ အရင်တုန်းက သုံးထပ်ရေတံခွန်ရှိရာကိုသွားကြမယ်ဆိုရင် ရန်ကုန်နတ်ကျုံးတောရကျောင်းထိ ကားမောင်းပြီးဝင်၊ ကျောင်းဝင်းအတွင်းမှာကားကိုထားခဲ့ပြီး ရေတံခွန်ကို လမ်းလျှောက်ပြီး ဆက်လက်သွားရောက်ကြရတာပါ။ အခုအချိန်မှာ တောရကျောင်းအတွင်းကို ဝင်ရောက်ခွင့်မပြုတော့ဘဲ တံခါးပိတ်သော့ခတ်ထားတာကြောင့် ပတ်လမ်းကနေတစ်ဆင့် သွားရောက်ကြရတယ်။ ဒီလိုလုပ်ထားလိုက်တဲ့အတွက် တောရကျောင်းအတွင်း လူတွေရှုပ်ထွေးစည်ကားနေတာတွေ၊ ဆူဆူညံညံအသံတွေမရှိတော့ဘဲ တောရကျောင်းဆိုတဲ့အတိုင်း ဆိတ်ငြိမ်သွားခဲ့ရတယ်။

သုံးထပ်ရေတံခွန်ကိုသွားရတဲ့လမ်းက အတက်အဆင်း အလွန်မတ်စောက်ပါတယ်။ မန္တလေး-လားရှိုး လမ်းမကြီးပေါ်ကနေ ဘယ်ဘက်လမ်းချိုး ကွန်ကရစ်လမ်းအတိုင်း အောက်ဘက်ကို သတိထားမောင်းလာခဲ့ရတယ်။ နေရာဒေသက သာသနာ့နယ်မြေဖြစ်နေတဲ့အတွက် လမ်းတစ်လျှောက်မှာ လူနေအိမ်တွေမရှိကြဘဲ တောရကျောင်းလေး တစ်ကျောင်း၊ နှစ်ကျောင်းစနဲ့ သစ်ပင်သစ်တောငယ်လေးတွေ၊ ဒေသခံတောင်သူတွေရဲ့ သီးနှံစိုက်ခင်းလေးတွေ ရှိနေကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ လောက်ကတော့ အတော်အသင့်ကြီးတဲ့ သစ်ပင်သစ်တောတွေရှိနေသေးသလို မြေမျက်နှာသွင်ပြင်အနေအထားကလဲ မတ်စောက်တဲ့လျှိုကြီးတစ်ခုဖြစ်နေတယ်။ လျှိုကြီးရဲ့အလယ်မှာ အမြဲမပြတ်စီးဆင်းနေတဲ့ ချောင်းတစ်ခုဆိုတာက BE Fall(ပွဲကောက်ရေတံခွန်)ဖြစ်ပေါ်ခဲ့တဲ့ချောင်းဖြစ်ပါတယ်။ အခုအချိန်မှာ သစ်ပင်သစ်တောတွေနည်းပါးသွားခဲ့သလို ပတ်ဝန်းကျင်တစ်ဝိုက်မှာလဲ လူနေထိုင်မှုတွေများပြားလာတဲ့အတွက် တောကောင်လေးတွေ မရှိနိုင်တော့ပါဘူး။ အမဲလိုက်မုဆိုးတွေကြောင့် သားကောင်လေးတွေ ရှားပါးပျောက်ကွယ်သွားကြတာလဲ ပါဝင်ပါတယ်။

ကွန်ကရစ်လမ်းအတိုင်း အဆင်းခရီးရှည်ကြီးကို ဘရိတ်နင်း၊ ဂီယာတွေအဆင့်ဆင့်ချိန်းပြီး မောင်းလာရင်း မကြာခင်မှာ တောင်စောင်းတစ်ခုမှာရှိတဲ့ မြေကွက်လပ်လေးတစ်ခုကို ရောက်လာခဲ့တယ်။ ဒီနေရာမှာ ကားကိုထားခဲ့ပြီး ရေတံခွန်ရှိရာကို ခြေကျင်လမ်းလျှောက်သွားကြရမှာပါ။ ရေတံခွန်က အရှေ့မလှမ်းမကမ်းမှာရှိနေတယ်။ ကားရပ်ထားခဲ့ပြီး စတင်လမ်းလျှောက်လျှောက်ချင်း တောင်စောင်းအမြင့်နေရာကနေ မြေသားလှေကားထစ်လေးတွေအတိုင်း အောက်ကို ဆင်းလာကြရတယ်။ လှေကားထစ်လေးတွေအဆုံးမှာ တသွင်သွင်စီးဆင်းနေတဲ့ မြောင်းငယ်လေးနဲ့အတူ ညာဘက်မှာ မုန်လာဥစိုက်ခင်း၊ ဘယ်ဘက်မှာ ဂေါ်ဖီထုပ်နဲ့ ပန်းမုန်လာစိုက်ခင်းတွေကို တွေ့မြင်နေရတယ်။ စိုက်ခင်းတွေဆုံးသွားတဲ့အခါ မတ်စောက်တဲ့ချောက်ကြီးရှိရာကို ရောက်လာခဲ့ကြတယ်။ ဒီချောက်ကြီးအတွင်းမှာ ချောင်းရေတွေနဲ့အတူ ရေတံခွန်ဖြစ်ပေါ်နေတာပါ။

ရေတံခွန်ရှိတဲ့ချောက်ကြီးအတွင်းကို လက်ကိုင်၊ လက်တန်းပါတဲ့ သံလှေကားရှည်လေးအတိုင်း တစ်ယောက်ချင်းစီ ဆင်းသွားကြရတယ်။ သံလှေကားက တစ်ယောက်ချင်းသာ အဆင်း၊ အတက် လုပ်လို့ရနေတယ်။ လှေကားကနေဆင်းနေကြရင်းနဲ့ တဝေါဝေါစီးဆင်းနေတဲ့ရေသံတွေကို ကြားနေကြရပါပြီ။ ဒါပေမဲ့ သုံးထပ်ရေတံခွန်ကြီးကို မတွေ့မမြင်ကြရသေးပါဘူး။ လှေကားကဆင်းခဲ့ကြပြီး လူစုံတာနဲ့ ရေတံခွန်ရှိရာကို တောလမ်းလေးတွေအတိုင်း၊ ချောင်းမြောင်းရေစပ်လေးတွေအတိုင်း တရွေ့ရွေ့နဲ့ လျှောက်လာကြရတယ်။ ရေတွေနဲ့အတူ ကျောက်တုံးလေးတွေရှိနေကြပေမဲ့ ရေညှိတွေရှိနေတာကြောင့် သတိထားပြီးလျှောက်နေကြရတယ်။ တချို့ကလေးတွေကို လက်တွဲထားရတယ်။ ဒီလိုလျှောက်လာကြရင်းနဲ့ သုံးထပ်ရေတံခွန်ကို ရောက်လာခဲ့ကြတယ်။

သုံးထပ်ရေတံခွန်အနီးဝန်းကျင်မှာ နောက်ထပ်ရေတံခွန်ငယ်လေးတွေအများအပြားရှိနေကြတယ်။ စီးဆင်းနေတဲ့ချောင်းရေတွေက စီးဆင်းရာလမ်းတစ်လျှောက်မှာ ကျောက်တုံး၊ ကျောက်ခဲကြီးတွေနဲ့အနိမ့်အမြင့်နေရာအသီးသီးကို ဖြတ်သန်းစီးဆင်းနေရလို့ ရေတံခွန်တွေဖြစ်ပေါ်နေကြရတယ်။ ရေတံခွန်တွေက အကြီး၊ အသေး၊ အနိမ့်၊ အမြင့် စသဖြင့်ကွာခြားမှုတွေ ရှိနေကြတယ်။ ဒါပေမဲ့ သုံးထပ်ရေတံခွန်ကြီးကတော့ ဒီနေရာမှာ ကျောက်တုံးကျောက်ဆောင်အမြင့်ကြီး တစ်ခုအပေါ်ကနေ လှလှပပထင်ထင်ရှားရှားနဲ့ အဆင့်ဆင့် ဖြာကျစီးဆင်းနေတယ်။ ဒါကြောင့်လဲ သုံးထပ်ရေတံခွန်ဆိုပြီး လူသိများထင်ရှားနေတာပါ။ သုံးထပ်ရေတံခွန်နေရာက ချောက်နက်ပြီး အန္တရာယ်များပါတယ်။ ဒီနေရာမှာ ရေနစ်သေဆုံးမှုတွေ မကြာခဏဖြစ်ပွားလေ့ရှိနေတယ်။ ဒ့ါပြင် ငါးဖမ်းချင်နေကြတဲ့ မိမိရဲ့ကလေးတွေအတွက် ဒီနေရာက အဆင်မပြေပါဘူး။ ဒါကြောင့် ငါးဖမ်းလို့လဲရ၊ အန္တရာယ်လဲကင်းရှင်းတဲ့ နောက်ထပ်နေရာတစ်ခုကို ဆက်လက်သွားရောက်ကြအုံးမှာပါ။ အဲဒီနေရာကတော့ ရန်ကုန်နတ်ကျုံးတောရကျောင်းအတွင်းမှာဖြစ်ပါတယ်။

မိမိတို့က ကားကိုလမ်းလွှဲတစ်နေရာကနေမောင်းလာရတာဖြစ်လို့ ရန်ကုန်နတ်ကျုံးတောရကျောင်းရှိတဲ့နေရာကို တောလမ်းလေးအတိုင်းလမ်းလျှောက်ပြီး သွားကြရပါအုံးမယ်။ လက်ရှိရောက်နေတဲ့ သုံးထပ်ရေတံခွန်နေရာမှာတော့ ဘုရားစေတီတွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေ၊ ရေတွင်းရေကန်တွေ၊ အခြားဘာသာရေးအဆောက်အအုံတွေ၊ ဘုန်းတော်ကြီးကျောင်းတွေနဲ့ သာသနာ့နယ်မြေတစ်ခုအဖြစ် တည်ရှိနေပါပြီ။ ဒီနေရာတွေကို အပြန်ခရီးရောက်မှ အချိန်ရရင် ဝင်ရောက်ဖူးမြော်လေ့လာကြရမှာပါ။ အခုအချိန်မှာ ကလေးအချို့ကိုလက်တွဲပြီး ငါးဖမ်းလို့ရမဲ့နေရာကို လျှောက်လှမ်းနေကြရတယ်။ ကလေးတွေကိုယ်တိုင်ကလဲ သူတို့လိုလားတောင့်တနေကြတဲ့ ငါးဖမ်းရတော့မယ်ဆိုတဲ့အသိနဲ့ ပြေးလွှားခုန်ပေါက်ပျော်ရွှင်နေကြတယ်။

တကယ်တော့ ပြင်ဦးလွင်မြို့ သုံးထပ်ရေတံခွန်နေရာက အလွန်သာယာလှပပြီး အေးချမ်းဆိတ်ငြိမ်တဲ့နေရာတစ်ခုပါ။ နာမည်လဲထင်ရှားကျော်ကြားပါတယ်။ ဒါပေမဲ့ လူသူအရောက်အပေါက်နည်းကြတယ်။ အဓိကကတော့ ရေတံခွန်တည်ရှိနေတဲ့နေရာထိ ကားတွေ၊ ဆိုင်ကယ်တွေ ဝင်ထွက်သွားလာလို့မရသေးတဲ့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့်ဖြစ်ပါတယ်။ မိမိကတော့ ဒီနေရာကို ကလေးတစ်သိုက်နဲ့ ရောက်ရှိနေပါပြီ။ ရောက်လာခဲ့ရတဲ့ ရည်ရွယ်ချက်ကလဲ ကလေးတွေရဲ့ အပျော်တမ်းငါးဖမ်းကစားချင်တဲ့အတွက်ကြောင့်ပါ။ ငါးရမယ်၊ မရဘူးဆိုတာကတော့ မသိသေးပါဘူး။ ငါးတွေရှိနိုင်တဲ့နေရာကိုရောက်အောင် ဆက်လက်သွားရောက်လိုက်ပါအုံးမယ်။



ပြင်ဦးလွင်မြို့အစွန်ရှိ သုံးထပ်ရေတံခွန်ကို တွေ့ရစဉ်။

# ချစ်စရာ့အရွယ် စာဖတ်မယ်

## ဝဋ်ကြွေးကြမ္မာမလွတ်သာ

သားသား မီးမီးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **"ဝဋ်ကြွေးကြမ္မာမလွတ်သာ"** ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းကပေါ့ကွယ်။ ကန်သာဆိုတဲ့ရွာလေး တစ်ရွာမှာ ဦးဗလလို့ခေါ်တဲ့ လူကြီးတစ်ယောက်ရှိတာပေါ့ကွယ်။ဦးဗလဟာ နာမည်နဲ့လိုက်အောင်ကိုပဲ သူရဲ့ခန္ဓာကိုယ်က အင်မတန်မှထွားကျိုင်းသန်မာလွန်းတာပေါ့ကွယ်။ ဦးဗလဟာ မုဆိုးအလုပ်နဲ့ ဇနီးနဲ့သားကို ပြုစုလုပ်ကျွေးနေတာပေါ့ကွယ်။ ဦးဗလမှာ မောင်ဒီပဆိုတဲ့ သားတစ်ယောက်လဲ ရှိတာပေါ့ကွယ်။ မောင်ဒီပလေးဟာလဲ အရွယ်လည်းရောက်လာပြီမို့ ဖခင်ဖြစ်သူကိုကူညီလုပ်ကိုင်ပေးနေတာပေါ့ကွယ်။

ဦးဗလရဲ့ဇနီးဖြစ်သူ ဒေါ်မယ်ခကတော့ ခင်ပွန်းနဲ့သား တောထဲကရှာဖွေလို့ရလာတဲ့ ဟင်းစားများကို ရွာစဉ်တစ်လျှောက် လှည့်လည်ရောင်းချပေးနေရတာပေါ့ကွယ်။ဦးဗလတို့သားအဖဟာ ဒေါ်မယ်ခချက်ပြုတ်ပြင်ဆင်ပေးတဲ့ထမင်းထုပ်ဆွဲပြီ နေ့စဉ်ရက်ဆက်ပဲ တောလည်ထွက်ကြတာပေါ့ကွယ်။ ဦးဗလတို့မိသားစုဟာမုဆိုးအလုပ်နဲ့ အကျိုးပေးကောင်းတယ်လို့ဆိုရမှာပေါ့ကွယ်။ ဦးဗလတို့တောလည်ထွက်တဲ့အခါတိုင်း မရဘဲပြန်လာတာမျိုးတစ်နေ့မှမရှိခဲ့ဖူးဘူးပေါ့ကွယ်။

ဒေါ်မယ်ခမှာလဲ မိသားစုဝမ်းရေးအတွက် ချက်ရပြုတ်ရ လျှော်ရဖွပ်ရ ဦးဗလရလာတဲ့ ဟင်းစားများကို ခုတ်ထစ်ရောင်းရတစ်ဖက်နဲ့ အားတယ်လို့မရှိဘူးပေါ့ကွယ်။

အခုတစ်လောမိုးကလဲ အဆက်မပြတ်ရွာ လေကလဲတိုက် သစ်ကိုင်းသစ်ရွက်တွေလဲကျိုးကျနဲ့ ရာသီဥတုအခြေအနေ အတော်လေးဆိုးဝါးနေတာတောင် ဦးဗလတို့သားအဖကတော့ တောထဲကပြန်မလာဘူးပေါ့ကွယ်။

ဒေါ်မယ်ခမှာလဲ ဦးဗလတို့ပြန်အလာကို မျှော်လိုက် သူလှန်းထားတဲ့ဟင်းစားတွေကိုလာလာစားနေတဲ့ ရှဉ့်တို့ငှက်တို့ ကြက်တို့ကို တုတ်တစ်ချောင်းနဲ့ ကြိမ်းမောင်းပစ်လွှတ်ရနဲ့လူလဲ အတော်လေးပင်ပန်းနေတာပေါ့ကွယ်။ နေဝင်မိုးချုပ် သားကောင်ထမ်းပြီးပြန်လာတဲ့ ခင်ပွန်းသည်နဲ့ သားမျက်နှာမြင်မှ သက်ပြင်းချနိုင်ခဲ့တာပေါ့ကွယ်။ ဟင်းစားများကိုလှီးဖြတ်ကူရင်း ဒေါ်မယ်ခက ဦးဗလကို အခုလိုပဲပြောလိုက်တာပေါ့ကွယ်။

"မိုးတွေတအားရွာနေတာ တစ်ရက်လောက်တော့နားပါအုံး ကိုဗလရယ်။ တော်တို့ရလာတဲ့ဟင်းစားတွေကများတော့ ကျုပ်မှာနေ့ချင်းရောင်းလို့မကုန်ဘူး အခြောက်လှန်းတော့လဲ ရှဉ့်တို့



ငှက်တို့ကြက်တို့ကမနိုင် တဂျီဂျီနဲ့ဆူညံနေတာပဲ မောင်းတုန်းခဏပဲ ပြီးရင်ပြန်ရောက်လာပြီ လှန်းထားတဲ့ဟင်းစားတွေဆွဲတာပဲ ဒီအသားတွေခြောက်မှ သွားပါလား ကိုဗလရယ် "

" ငါက တစ်နေ့တစ်နေ့ ဘယ်အကောင်ပစ်ရမလဲဘဲ စဉ်းစားနေတာ ငါမနားချင်ဘူး မယ်ခ။ ဒီလိုလုပ်ကွာ သားကိုမင်းနဲ့ထားခဲ့မယ် သားလဲ ဟင်းစားတွေခြောက်မှ အဖေနဲ့ပြန်လိုက်ခဲ့"

". အိမ်မှာမနေချင်ပါဘူး အဖေရာ ကျုပ်တို့မြွေမကြောက် ကင်းမကြောက် ရှာထားတဲ့အသားကိုယ်တော့အထိမခံနိုင်ဘူး အမေ ဒီလိုလုပ် သတ္တဝါဆိုတာလူချွတ်မှကျွတ်တာ သူတို့ကိုညှာစရာမလိုဘူး။ အမေ လာစားတဲ့အကောင်ကို ပါးစပ်နဲ့အော်ဟစ်မောင်းမနေနဲ့ နောက်မလာရဲအောင် တွေ့တာနဲ့ပစ်လိုက်။ အဲဒါဆို သူတို့နောက်မလာရဲတော့ဘူး"

ဒေါ်မယ်ခလဲ ပြောမရတော့တာမို့ နောက်ထပ်ဘာမှမပြောတော့ဘူးတဲ့ကွယ်။ နောက်နေ့မနက်တွင် ဒေါ်မယ်ခထုပ်ပိုးပေးတဲ့ထမင်းထုပ်ယူပြီး။ သားအဖနှစ်ယောက် လက်နက်ကိုယ်စီကိုင်ကာတောထဲကို ထွက်သွားကြတယ်။

ဒေါ်မယ်ခလဲ မိုးအနည်းငယ်စဲသွားတာမို့ ဟင်းစားတွေကို နေပူထုတ်လှန်းတာပေါ့ကွယ်။ ဒေါ်မယ်ခ မီးဖိုချောင်ထဲထမင်းဟင်းချက်နေတုန်း အိမ်ရှေ့ကရှဉ့်တွေရဲ့ဆူညံသံတွေနဲ့အတူ ဟင်းစားတွေကိုကိုက်ချီနေတာမြင်ရတော့ ဒေါ်မယ်မ စိတ်မထိန်းနိုင်တော့ဘဲ သူ့ရဲ့အသားလှီးဓားနဲ့ ပစ်ပေါက်လိုက်တာပေါ့ကွယ်။

ဝဋ်ကြွေးကြမ္မာဖန်လာရော့လားမသိပေ။ ဒေါ်မယ်ခ စိတ်တိုတိုနဲ့ပစ်လွှတ်လိုက်တဲ့ဓားဟာ သူ့ရဲ့ရှေ့က တိုင်ထိမှန်ပြီးထိုမှတစ်ဆင့်ဓားသွားဟာ ဒေါ်မယ်ခရဲ့ ရင်ဝကိုထိုးစိုက်ပြီး ရတဲ့ဒဏ်ရာနဲ့ပဲသေဆုံးသွားတာပေါ့ကွယ်။

ထို့အတူပဲ ဦးဗလရဲ့သား မောင်ဒီပလေးဟာလဲ တောထဲမှာသားကောင်ဇောကပ်ကာရှာရင်းနဲ့ သူရဲ့ခြေထောက်ပူခနဲ ဖြစ်သွားတာပေါ့ကွယ်။ မိုးကတအားရွာထားတာကြောင့် သစ်ပင်ချုံနွယ်တွေရှင်းရင်းဆူးစူးတယ်လို့ပဲ ထင်နေခဲ့တာပေါ့ကွယ်။ ဦးဗလကလဲ သားကောင်ဇောကပ်နေတာမို့ မောင်ဒီပလေးရဲ့အဖြစ်ကို လုံးဝကိုမသိရှာဘူးတဲ့ကွယ်။ မောင်ဒီပလေးရဲ့ကိုယ်မှာ အဆိပ်တွေပျံ့နှံ့ကာပြာနှမ်းပြီး လမ်းမလျှောက်နိုင်ဘဲလဲကျတော့မှ သားရဲ့ကိုယ်မှာ အဆိပ်ရှိတဲ့မြွေတစ်ကောင်ရန်မူကိုက်ခဲထားမှန်း ဦးဗလသိခဲ့ပေမဲ့ အတော်လေးနောက်ကျနေပြီပေါ့ကွယ်။

မောင်ဒီပလေးဟာ ဒီဒဏ်ရာနဲ့ပဲသေဆုံးသွားတာပေါ့ကွယ်။ သားကိုထမ်းပြန်အလာ မီးဖိုချောင်အနီးတွင် ရင်ဝမှာဓားတန်းလန်းနဲ့ သေဆုံးနေတဲ့ဇနီးဖြစ်သူကိုမြင်ရပြန်တော့ ဦးဗလဟာစိတ်မခိုင်တော့ဘဲ အရူးမီးဝိုင်းဖြစ် သည်းခြေပျက်ကာ နောက်ဆုံးမှာတော့ သူ့ကိုယ်သူအဆုံးစီရင်သွားတာပေါ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကလေးတို့ရယ်။ ကလေးတို့တစ်တွေလဲ ဒီပုံပြင်လေးကို နားထောင်ပြီး သတ္တဝါတွေအပေါ် သနားညှာတာစိတ်လေးထားရမယ်နော်။ သတ္တဝါဆိုတာလူချွတ်မှကျွတ်တယ်ဆိုတဲ့စိတ်မထားရဘူး။ တိရစ္ဆာန်တွေကို ရက်ရက်စက်စက် မညှဉ်းဆဲမသတ်ဖျက်ရဘူး။ တစ်နေ့နေ့မှာကိုယ်ပြုခဲ့တဲ့ ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်တွေဟာ ကိုယ့်ရဲ့အနားမှာအရိပ်လိုလိုက်နေပြီး လူကိုတန်ပြန်သက်ရောက်တဲ့ အကျိုးကျေးဇူးတွေပေးစွမ်းနိုင်တယ်ဆိုတာပဲကွဲ့။ ဒါကြောင့်မို့ လူ့ဘဝခဏရောက်လာတဲ့အခိုက်မှာ ကြီးသူကိုရိုသေ ရွယ်တူကိုလေးစား ငယ်သူကိုသနားညှာတာရမယ်ဆိုတဲ့ စိတ်လေးထားရမယ်။ သတ္တဝါတွေအပေါ်လဲ ငဲ့ညှာသနားကြရမယ်နော်။ ကပ်ကြီးသုံးပါး အန္တရာယ်အပေါင်းမှအစဉ်ထာဝရကင်းဝေးနိုင်ပါစေလို့ ဦးဦးက ဆုတောင်းပေးပါတယ်ကွယ်။

**မောင်နိုင်လင်း(ရိုးရာ)**

## မိုးရာသီနှင့် ကျန်းမာရေး

À ဝမ်းပျက်ဝမ်းလျှော တို့ကာကွယ်
မိုးရာသီမှာကွယ်။

À အစားရှောင်မယ် သတိထား
ယင်နားစာရှောင်ရှား။

À အဖျားကင်းမှကိုယ်စိတ်ကြည်
တစ်ကိုယ်ရေသန့်ရှင်းမည်။

À မိုးလရာသီ လိုက်နာပေး
တို့များကျန်းမာရေး။ ။



မိုးမဥ္ဇူ(ပြည်)

## မင်္ဂလာပါ

À တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာ
နှုတ်ခွန်းဆက်ကြတာ။

À "မင်္ဂလာပါ" နှုတ်ချိုမြ
ပျော်ရွှင်ကြည်နူးရ။

À ပြောကြဆိုကြ ပြုမူရာ
ကောင်းမှုကိုယ်စီပါ။

À ကောင်းခြင်းဝေဆာ ရင်မှာပွား
မင်္ဂလာရှိစေသား။ ။



အတူး(ပညာရေး)

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**









## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ပန်းကုံးရွာနေ ဦးတိုက်ဦး + ဒေါ်မြင့်နွယ်တို့၏သမီး မအေးငြိမ်းသူ (ခ) မအေးမြတ်သူ(၅/ရဥန(နိုင်)၁၂၃၀၄၂)သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည် မအေးငြိမ်းသူ (ခ) မအေးမြတ်သူနှင့်ပတ်သက်သည့်ကိစ္စအဝဝများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးတိုက်ဦး(၅/ရဥန(နိုင်)၀၄၇၁၃၃)

ဒေါ်မြင့်နွယ်(၅/ရဥန(နိုင်)၀၄၇၃၁၈)

## အမည်မှန်

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အထက(ခွဲ)လက်ကောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းမင်းအောင်၏သား မောင်ကောင်းခန့်ကျော်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်အောင်ခန့်ကျော်** ဖြစ်ပါကြောင်း။ **မောင်အောင်ခန့်ကျော်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Shwe Kant Kaw ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တန်းတွင်ပညာသင်ကြားနေသော မသက်မြတ်နိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစောခိုင်ထွန်း** ဖြစ်ပါကြောင်း။ **ဦးစောခိုင်ထွန်း(၅/ကလဝ(နိုင်)၀၃၆၁၁၈)**

## ယာဉ်မောင်းအလိုရှိသည်

- ၁၄ ပေ ဘောက်ကားမောင်းနိုင်ရမည်
- အသက် (၃၅)နှစ်အတွင်း
- နယ်ခရီးသွားနိုင်ရမည်
- လိုင်စင်အနက်

အမှတ်(၄၃၆)၊ ၇၆ x ၃၃ လမ်းထောင့်၊ မန္တလေးမြို့။

Viber 09-782005585

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျဗ္ဗာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address - accm@accm.gov.mm၊

Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ ကျင်းပရာ **စာမျက်နှာ ၂၀ ကော်လံ ၁** ☆



## လေးမျက်နှာမြို့နယ်အတွင်း ရေများပြန်လည်ကျဆင်းသွား အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်

**ပုသိမ် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းပြီး **စာမျက်နှာ ၂၁ ကော်လံ ၁** ❖

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှု ဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-မြိတ်-တနင်္သာရီ - ဘုတ်ပြင်း - ကော့သောင်း ပြည်ထောင်စုလမ်းကြီးပေါ်ရှိနေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင် မြေပြိုကျ၍လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါရေကြီးမှုကြောင့် ထားဝယ်-လောင်းလုံးလမ်းပေါ်ရှိ **စာမျက်နှာ ၂၁ ကော်လံ ၄** ◆



ထားဝယ်-လောင်းလုံးမြို့လမ်းတစ်လျှောက် လမ်းပေါ်သို့ ပြိုကျနေသော မြေကြီးများကို စက်ယန္တရားများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းပေးစဉ်။



## ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်လှေလှော်အသင်း ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုများ ဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၃**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းအနေဖြင့် ဒုတိယငွေတံဆိပ်ဆုနှင့် တတိယကြေးတံဆိပ်ဆုများ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းအနေဖြင့် မီတာ ၂၀၀ အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယနေရာမှ ပန်းဝင်နိုင်ခဲ့သည့်အတွက် ငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုကို ရုရှားနိုင်ငံနှင့် တတိယကြေးတံဆိပ်ဆုကို ယူကရိန်းနိုင်ငံတို့က ဆွတ်ခူးနိုင်ခဲ့ကြသည်။

အလားတူ မီတာ ၅၀၀ အမျိုးသား၊ အမျိုးသမီး ၁၀ တက်လှော်ပြိုင်ပွဲတွင်လည်း မြန်မာအသင်းအနေဖြင့် **စာမျက်နှာ ၂၁ ကော်လံ ၁** ■

## ဖလမ်းမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဖလမ်း အောက်တိုဘာ ၃**

ချင်းပြည်နယ် ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကျင်မွှာလ်ရပ်ကွက် တောင်ဇလပ်လမ်း လမ်းဘေးဝဲယာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် သွားရောက်ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသူများကို အာဟာရမုန့်များ ပေးအပ်သည်။

ယမန်နေ့ ညနေပိုင်းကလည်း ဒုတိယဝန်ကြီးသည် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွက် စေတနာထားကာ **စာမျက်နှာ ၁၈ ကော်လံ ၄** ●

**ရတနာပုံ** **ယနေ့ဖတ်စရာ**

**စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ဆန်စပါးအခြေခံ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရောင်းချရေးလုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) စာတမ်းကောက်နုတ်ချက်**

စာမျက်နှာ - ၁၄